# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကိလေသာမာရ် ကိုယ်တွင်းရန်**

ရေတည်းဟူသော မီးရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)


၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက် ၂၀၂၄ ခုနှစ်၊ ဧပြီ ၂၈ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၃)၊ အမှတ်(၂၀၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမို ကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**



### ပုဂံလူရည်ချွန်စခန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ လူရည်ချွန်ကျောင်းသားကျောင်းသူများ ပုဂံ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ အထင်ကရဘုရားများ ဖူးမြော်လေ့လာ

ပြည်တွင်းသတင်း စာ ၆

### ၂၀၂၄ ခုနှစ် တောင်ကြီးလူရည်ချွန်စခန်းဖွင့်ပွဲ ကျင်းပ၊ အထင်ကရဘုရားစေတီပုထိုးများ၊ အထင်ကရနေရာများသို့ လှည့်လည်လေ့လာ


ပြည်တွင်းသတင်း စာ ၇





### ၂၀၂၄ ခုနှစ် ကောဒသမတန်း လူရည်ချွန်စခန်း (ငွေဆောင်) နှင့် ဒွါဒသမတန်း လူရည်ချွန်စခန်း (ချောင်းသာ) စခန်းဖွင့်ပွဲကျင်းပ

ပြည်တွင်းသတင်း စာ ၇



## ညောင်ဦးမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက ကျေးရွာနေပြည်သူများ သောက်သုံးရေ ဖူလုံစေရန် ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ ဖြန့်ဝေပေး

ညောင်ဦး ဧပြီ ၂၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ နယ်မြေမီးသတ်စခန်းများမှ မီးသတ်တပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းက သောက်သုံးရေလိုအပ်နေသော ဘုန်းတော်ကြီးကျောင်းများနှင့် ကျေးရွာများသို့ သွားရောက်ပြီး ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ ဖြည့်ဆည်းလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✽

## နိုင်ငံကူးလက်မှတ် သက်တမ်းတိုးခြင်းအပါအဝင် ကောင်စစ်ကိစ္စများဆောင်ရွက်ရန်အတွက် သံရုံးသို့ ကြိုတင်၍ Online Appointment ရယူရန်လိုအပ်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးက ထပ်မံအသိပေး

ရန်ကုန် ဧပြီ ၂၈

နိုင်ငံကူးလက်မှတ် သက်တမ်းတိုးခြင်းအပါအဝင် ကောင်စစ်ကိစ္စများဆောင်ရွက်ရန်အတွက် သံရုံးသို့ ကြိုတင်၍ Online Appointment ရယူရန် လိုအပ်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးက ထပ်မံအသိပေးကြေညာထားသည်။

မြန်မာသံရုံးအနေဖြင့် ဂျပန်နိုင်ငံတွင် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားနှင့် ကောင်စစ်ဆိုင်ရာကိစ္စရပ်များကို ဥပဒေစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိရာ ကောင်စစ်ဆိုင်ရာကိစ္စရပ်များအတွက် သံရုံးသို့ လစဉ်လာရောက်သူ နိုင်ငံသားဦးရေ ထောင်နှင့်ချီရှိပြီး စာတိုက်မှတစ်ဆင့် ပေးပို့သက်တမ်းတိုးလျှောက်ထားမှုများသည်လည်း နေ့စဉ်အဆက်မပြတ် ဝင်ရောက်လျက်ရှိကြောင်းနှင့် အချို့ရက်များတွင် သံရုံးသို့ လာရောက်သူအရေအတွက်သည်ကောင်စစ်အဆောက်အအုံ၌ လက်ခံနိုင်သည့် လူဦးရေထက်များစွာကျော်လွန်ခဲ့သည့်အတွက် လာရောက်ကြသည့် မြန်မာနိုင်ငံသားများအနေဖြင့် အချိန်ပေးစောင့်ဆိုင်းရမှုများ ရှိကြောင်း သံရုံးက ရေးသားထားသည်။

ထို့ကြောင့် မြန်မာနိုင်ငံသားများအား ပိုမိုထိရောက်ကောင်းမွန်စွာ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ဧပြီ ၁ ရက် (တနင်္လာနေ့)မှစ၍ သံရုံးသို့ ကောင်စစ်ကိစ္စရပ်များ (ဗီဇာလျှောက်ထားမှုမပါ) ဆောင်ရွက်ရန်အတွက် လာရောက်ရာတွင် Online Appointment ကြိုတင်ရယူသည့်စနစ်သို့ ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း မတ်လအတွင်း သံရုံးက အသိပေးကြေညာခဲ့သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❒

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၂) ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် မေ ၂၈**

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၄) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ မေ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပသည့် (၁၂) ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မေ ၂၆ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာခဲ့ပြီး မေ ၂၇ ရက် ည ၉ နာရီ မိနစ် ၄၀ တွင် ရန်ကုန်သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။



အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် (၁၂) ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ မျက်နှာစုံညီအစည်းအဝေး ဒုတိယနေ့တွင် ပါဝင်ဆွေးနွေးစဉ်။

### ပါဝင်ဆွေးနွေး

မေ ၂၄ ရက် နံနက် ၈ နာရီတွင် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူး H.E. Mr. Nikolay Patrushev နှင့် ကမ္ဘောဒီးယားနိုင်ငံကိုယ်စားလှယ်တို့ ပူးတွဲဥက္ကဋ္ဌအဖြစ် ကျင်းပသည့် စတုတ္ထအကြိမ် အာဆီယံ-ရုရှားလုံခြုံရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် မြန်မာ-ရုရှားပူးတွဲဥက္ကဋ္ဌ တာဝန်ယူ၍ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဆောင်ရွက်နေမှု အခြေအနေများ၊ အာဆီယံ-ရုရှား လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံမှ မြန်မာနိုင်ငံအား လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနေမှု၊ အာဆီယံ-ရုရှား ပူးပေါင်းဆောင်ရွက်မှုတွင် အာဆီယံ-ရုရှား ဆက်ဆံရေးဆိုင်ရာ Coordinator အဖြစ် မြန်မာနိုင်ငံမှ ဆောင်ရွက်မည့်အခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံတော်လုံခြုံရေးဆောင်ရွက်နေမှုများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ချမှတ်ပြီး လက်ရှိဆောင်ရွက်နေမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ပါဝင်ဆွေးနွေးခဲ့သည်။

### နှုတ်ခွန်းဆက်စကားပြောကြား

ထို့နောက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် (၁၂)ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ မျက်နှာစုံညီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ဖွင့်ပွဲအခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ ဗလာဒီမာပူတင် က အကြိုနှုတ်ခွန်းဆက်စကားကို ဗီဒီယိုမက်ဆေ့ဖြင့် ပြောကြားခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူး H.E. Mr. Nikolay Patrushev နှင့် တာဝန်ရှိသူတို့က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြသည်။

ယင်းနောက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံများမှ ကိုယ်စားလှယ် ခေါင်းဆောင်များသည် ထွန်းသစ်စနိုင်ငံကြီးများ အပါအဝင် ဗဟုမဏ္ဍိုင်ပြု ကမ္ဘာ့နိုင်ငံရေးဖြစ်စဉ်များ၏ စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့် ပတ်သက်၍ သတင်းလုံခြုံရေးဆိုင်ရာ အာမခံချက်ရရှိရေးခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် (၁၉၄၁-၁၉၄၄) ခုနှစ်များအတွင်း လီနင်ဂရက်မြို့ကို ဝန်းရံပိတ်ဆို့တိုက်ခိုက်မှုကြောင့် သေဆုံးသွားသူများ အထိမ်းအမှတ်နေရာတွင် ရုရှားလုံခြုံရေးကောင်စီ အတွင်းရေးမှူး H.E. Mr. Nikolay Patrushev နှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ဝမ်းနည်းခြင်းအထိမ်းအမှတ် လွမ်းသူ့ပန်းခွေချခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှားလုံခြုံရေးကောင်စီ အတွင်းရေးမှူး H.E. Mr. Nikolay Patrushev က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံပေါင်း ၁၀၆ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုတို့မှ တက်ရောက်လာကြသည့် ကိုယ်စားလှယ်ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ဆုမွန်တောင်းစကား ပြောကြားခဲ့သည်။




(၁၂)ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

မေ ၂၅ ရက် နံနက်ပိုင်းတွင် (၁၂) ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ မျက်နှာစုံညီ အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ဖြစ်သည့် နိုင်ငံတကာလုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရာတွင် အမျိုးသားရေး ကြန်အင်လက္ခဏာနှင့် ရိုးရာဓလေ့ ထုံးတမ်းစဉ်လာတန်ဖိုးများကို ထိန်းသိမ်းစောင့်ရှောက်ရေး ခေါင်းစဉ်ဖြင့် ဆက်လက်ကျင်းပခဲ့ရာ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီးက ပါဝင်ဆွေးနွေးခဲ့သည်။

### တက်ရောက်ဆွေးနွေး

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်သော စားပွဲဝိုင်းဆွေးနွေးပွဲ၌ သဘာဝနှင့် လူတို့ကြောင့် ဖြစ်ပွားသော ဘေးအန္တရာယ်နှင့် လက်နက်ကိုင်ပဋိပက္ခများအကြား ပြည်သူများအပေါ် အကာအကွယ်ပေးနိုင်ရေးဆိုင်ရာ အဓိကပြဿနာများနှင့်စပ်လျဉ်း၍ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် အောင်မျိုးသန့်က တက်ရောက်ဆွေးနွေးခဲ့သည်။

ယင်းနေ့ ညနေပိုင်းတွင် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် (၁၂) ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေစဉ် ခရီးစဉ်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ပြည်ထောင်စုဝန်ကြီးသည် ရုရှားနိုင်ငံအမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူး H.E. Mr. Nikolay Patrushev နှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုအစည်းအဝေး (Bilateral Meeting) ပြုလုပ်ခဲ့ပြီး မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-ရုရှား နယ်ပယ်ပေါင်းစုံပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ် ချမှတ်၍ ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

### သီးခြားစီတွေ့ဆုံ

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရို၏အဖွဲ့ဝင်၊ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မတီ၏ ဥက္ကဋ္ဌဖြစ်သည့် H.E. Mr. Chen Wenging နှင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် H.E. Mr. Ajit Doval နှင့် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Mr. Tarique Ahmed Siddque နှင့်လည်းကောင်း၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်သူ့လုံခြုံရေး ဒုတိယဝန်ကြီး Mr. Somvanh Saylongpha နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံနယ်စပ်ဒေသ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များ၊

*စာမျက်နှာ ၄ သို့*

# ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်၊ နှစ်ချုပ်သုံးသပ်ချက် ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဧပြီ ၂၈**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ နှစ်ချုပ်သုံးသပ်ချက်နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၃၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**တက်ရောက်**

အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အထွေထွေမန်နေဂျာများ တက်ရောက်ကြသည်။

**အစဉ်အမြဲအားထုတ်ကြိုးပမ်းနေကြရမည်**

အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် အဖွဲ့အစည်းများ၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ အားသာချက်များကို ဆက်လက်ထိန်းသိမ်းပြီး လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း အားနည်းချက်များကို ပြန်လည်လေ့လာသုံးသပ်၍ ပိုမိုကောင်းမွန်သည့် လုပ်ငန်းနည်းစနစ်များဖြင့် ဆောင်ရွက်နိုင်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်၏ ရည်မှန်းချက်များကို အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ရငွေများကို တိုးမြှင့်ရှာဖွေပေးနေသကဲ့သို့ အစိုးရဌာနများ၏ အသုံးစရိတ်များကိုလည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျစိစစ်၍ သုံးစွဲနိုင်ရန် ကြီးကြပ်ဆောင်ရွက်ပေးနေရသည့် ဝန်ကြီးဌာနဖြစ်၍ သေချာစွာ စနစ်တကျကြီးကြပ်ဆောင်ရွက်နိုင်မှသာ လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်မှုများမှာ ထိရောက်မှုရှိပြီး နိုင်ငံအတွက် အကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ ဌာနများအနေဖြင့် သတ်မှတ်ထားသည့် ရည်မှန်းချက်များပြည့်မီအောင် ဆောင်ရွက်နိုင်ရေးအတွက် ဌာနအချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန်၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည် ပြည့်ဝနေစေရန် အစဉ်အမြဲ အားထုတ်ကြိုးပမ်းနေကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင့်ကြံနေထိုင်၍ နိုင်ငံတော်နှင့်ပြည်သူကို အလုပ်အကျွေးပြုနိုင်သော ပြည်သူ့ဝန်ထမ်းကောင်းများအဖြစ် ခံယူပြီး ကောင်းမြတ်သောစိတ်ထားဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း မှာကြားသည်။

**လိုအပ်သည်များကို မှာကြား**

ဆက်လက်၍ ဌာနအကြီးအကဲများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ရငွေ/သုံးငွေ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် လုပ်ငန်းဆောင်ရွက်ခဲ့မှုများအပေါ် အားသာချက်နှင့် အားနည်းချက်များ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများ၊ ရငွေ/သုံးငွေဆိုင်ရာကိစ္စရပ်များနှင့် တင်ဒါအချိန်မီခေါ်ယူရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးများနှင့် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးတို့က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း သီလဝါဆိပ်ကမ်းဥပစာလမ်း လေးလမ်းသွား လမ်းသစ်တက်ရောက်ဖွင့်လှစ်

ရန်ကုန် ဧပြီ ၂၈

**သီလဝါဆိပ်ကမ်း ဥပစာလမ်းလေးလမ်းသွား လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သီလဝါဆိပ်ကမ်းဧရိယာ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း တက်ရောက်ဖွင့်လှစ်ပေးသည်။**



လမ်းသစ်ဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအမှူးများ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဝန်ထမ်းများနှင့် သီလဝါဆိပ်ခံတံတားများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ နိုင်ငံတကာ ကုန်သွယ်မှုအတွက် ဝင်/ထွက်ပေါက်ဖြစ်သည့် သီလဝါဆိပ်ကမ်းဧရိယာအတွင်းပင်လယ်ရေကြောင်းဖြင့် တင်သွင်း၊ တင်ပို့ကြမည့် ကုန်စည်များ၊ ကုန်သေတ္တာများကို လွယ်ကူလျင်မြန်ချောမွေ့စွာ သယ်ယူ ပို့ဆောင်ပေးနိုင်ရေးတို့အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ကြီးကြပ်မှု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးကော်ပိုရေးရှင်းတို့၏ ပံ့ပိုးကူညီဆောင်ရွက်ပေးမှု၊ သီလဝါဆိပ်ကမ်းတံတား လုပ်ငန်းရှင်များ၏ အချိုးကျငွေကြေးထည့်ဝင်မှုနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်တာဝန်ခံ စီမံခန့်ခွဲမှုတို့ဖြင့် သီလဝါ ဆိပ်ကမ်းဥပစာလမ်း၊ လေးလမ်းသွား လမ်းသစ်ကြီးကို သတ်မှတ်ကာလအချိန်တိုအတွင်း အောင်မြင်စွာ တိုးချဲ့ဖောက်လုပ်ဖွင့်လှစ်နိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံသည် နိုင်ငံတကာကုန်သွယ်မှုတန်ဖိုး၏ ၇၅ ရာခိုင်နှုန်းကို ပင်လယ်ရေကြောင်းဖြင့် ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့်အဓိကထား ကုန်သွယ်လျက်ရှိကြောင်း၊ ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ နိုင်ငံတကာ ကုန်သွယ်မှုပမာဏ တိုးတက် များပြားလာသည်နှင့်အမျှ သီလဝါဆိပ်ကမ်းဧရိယာတွင် ပို့ကုန်တင်ပို့ခြင်းနှင့် သွင်းကုန်ထုတ်ယူခြင်းလုပ်ငန်းများ ပိုမိုမြန်ဆန်သွက်လက်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး အတွက် ဆိပ်ကမ်းဧရိယာများသို့ ဆက်သွယ်ထားသည့် ရထားလမ်း၊ ကားလမ်းများကို အဆင့်မြှင့်တင်ခြင်းနှင့် တိုးချဲ့ခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်လာကြောင်း၊ ထို့အပြင် ဆိပ်ကမ်းလုပ်ငန်းကဏ္ဍတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံ ပိုင်ဆိုင်မှုပမာဏ များပြားလာပြီး သီလဝါဧရိယာရှိ စက်သုံးဆီဆိပ်ကမ်းတံတားများကို ပုဂ္ဂလိကသို့ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ခွင့်ပြုထားသည့်အတွက် စက်သုံးဆီတင်ကားကြီးများဖြင့် ခေါက်ရေ ပိုမိုသုံးစွဲလာမှုကြောင့် ယခင်နှစ်လမ်းသွားလမ်းမှာ မကြာခဏ ပိတ်ဆို့မှုများဖြစ်လာသည့်အတွက် ယခုကဲ့သို့ သီလဝါဆိပ်ကမ်း ဥပစာလမ်းကို လမ်းလယ်ကျွန်းအပါ လေးလမ်းသွား လမ်းသစ်အဖြစ် အဆင့်မြှင့်တင် တိုးချဲ့ဖောက်လုပ်ပေးရခြင်း ဖြစ်ပါကြောင်း တိုက်တွန်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ မြို့တော်ဝန်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ သီလဝါဥပစာလမ်း လေးလမ်းသွား လမ်းသစ်အား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးပြီး Wilmar ဆိပ်ကမ်းတံတားသို့ ရောက်ရှိရာ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယနေ့ဖွင့်လှစ်သည့် လေးလမ်းသွားလမ်းသစ်သည် ငါးမိုင် နှစ်ဖာလုံရှည်လျားပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ဆိပ်ကမ်းလုပ်ငန်းရှင်များ၏ ထည့်ဝင်ငွေစုစုပေါင်း ငွေကျပ် ၂၈ ဒသမ ၃၅၀ ဘီလီယံခန့် ကုန်ကျခဲ့ပြီး လေးလမ်းသွားမြေသားတာပေါင်ချဲ့ခြင်း လုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းဖြည့်စွက်ရန်ပုံငွေဖြင့် ကြိုတင်ဖောက်လုပ်ပေးခဲ့သည့် အတွက် ကွန်ကရစ်လမ်းအဖြစ် အချိန်တိုအတွင်း အဆင့်မြှင့်တင် တိုးချဲ့ဖောက်လုပ်နိုင်ခဲ့သည်။ ထို့ကြောင့် သီလဝါဆိပ်ကမ်းဧရိယာအတွင်း ယခင်ကကဲ့သို့ ကုန်တင်ယာဉ်၊ စက်သုံးဆီတင် ယာဉ်များဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ မရှိနိုင်တော့ဘဲ ကုန်စည်စီးဆင်းမှုများလည်း ယခင်ထက် အချိန်ကုန်သက်သာပြီး ဘေးအန္တရာယ်ကင်းစွာဖြင့် လွယ်ကူမြန်ဆန်ချောမွေ့စွာ သယ်ယူ ပို့ဆောင်ပေးလျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၃ မှ*

နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ ဘင်းမ်စတက်ဒေသဆိုင်ရာ လုံခြုံရေးကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာ သတင်းအချက်အလက် အပြန်အလှန်မျှဝေရေး ကိစ္စရပ်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ် ချမှတ်၍ ဆောင်ရွက်နေမှုအခြေအနေများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အာဖရိကနိုင်ငံများဖြစ်သည့် အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ လုံခြုံရေးဆိုင်ရာအကြီးအကဲ Mr. Abdulaziz Ahmed Adem နှင့် မိုဇမ်ဘစ်သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီး Mr. Pascoal RONDA တို့နှင့်လည်း တွေ့ဆုံခဲ့ကာ နိုင်ငံအချင်းချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်ချမှတ်၍ ဆောင်ရွက်နေမှုအခြေအနေများအား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော မြန်မာကိုယ်စားလှယ်များသည် ဆက်စပ်ဆွေးနွေးပွဲများအား တက်ရောက်နေစဉ် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် Expo- forum အတွင်း စစ်ဘက်နည်းပညာကုမ္ပဏီများမှ ခင်းကျင်းပြသထားသည့် စစ်ဘက်နည်းပညာဆိုင်ရာ ပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ဧပြီ ၂၆ ရက် နံနက်ပိုင်းတွင် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စိန့်ပီတာစဘတ် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich နှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။ ဆက်လက်ပြီး စိန့်ပီတာစဘတ်မြို့တွင် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားအရာရှိများအား တွေ့ဆုံ၍ လိုအပ်သည်များမှာကြားခဲ့ပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်း လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၈**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ပင်းပက်ဒေသရှိ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) ပြန်လည်လည်ပတ်နိုင်ရေးအတွက် လိုအပ်သောလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်နေမှုနှင့် တောင်ကြီးပင်မဓာတ်အားခွဲရုံ၏ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးနေမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) ပြန်လည်လည်ပတ်၍ နိုင်ငံအတွင်း တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံနှင့်သံမဏိများ ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အား အမြန်ရရှိနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများတွင် ဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များကိုလည်း ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်စဉ် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အထူးအလေးထား ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စက်ရုံအတွင်းရှိ Gas Turbine ပြင်ဆင်နိုင်ရန် စက်ပစ္စည်းများရောက်ရှိမှု၊ လျှပ်စစ်ဓာတ်အားရရှိရေး ခွဲရုံများတိုးချဲ့တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကြီးမြို့ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန တောင်ကြီးပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ဘတ်ဂျက်ပါလုပ်ငန်းများ သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် တွန်းအားပေး ဆောင်ရွက်သွားရန်၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံသုံး အရန်ပစ္စည်းများကို ကြိုတင်စုဆောင်းထားရန်နှင့် ဌာနပိုင်မြေများတွင် ကျူးကျော်ဝင်ရောက်မှုမရှိစေရေး ဆောင်ရွက်သွားရန် မှာကြားပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ၁၃၂ ကေဗွီ နမ့်စန်-တောင်ကြီး ဓာတ်အားလိုင်းစီမံကိန်း၏ တာဝါတိုင်အမှတ် (၂၄၉) နှင့် (၂၅၀) တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် တောင်ကြီးပင်မဓာတ်အားခွဲရုံ Switch Bay တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တောင်ကြီးမြို့ရှိ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများနှင့် ပတ်သက်၍ ပြည်နယ်/ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ဦးစွာ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုအခြေအနေများကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လက်ရှိဓာတ်အားထုတ်လုပ်နေမှုကို တိုးတက်မထုတ်လုပ်နိုင်သေးမီကာလတွင် မြို့နယ်အဆင့်များတွင် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့မြို့နယ်များအတွင်း ဓာတ်အားခကြွေးကျန်များ အပြည့်အဝရရှိရေးနှင့် တရားမဝင် ဓာတ်အားရယူသုံးစွဲမှုများ မရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်မှ စစ်ဆေးကြပ်မတ်သွားရန် လိုအပ်ကြောင်း မှာကြားပြီး ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်ပတ်သက်၍ သိရှိထားသင့်သည့် အချက်အလက်များကို ရှင်းလင်းဆွေးနွေးမှာကြားကာ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❁ *ရွှေဖုံးမှ*

ထိုသို့ ရေသယ်ယာဉ်ဖြင့် ပြည်သူ့အကျိုးပြု သောက်သုံးရေများ လှူဒါန်းပေးခြင်းကို ယနေ့ နံနက်ပိုင်းက ညောင်ဦးမြို့နယ် ငှါသရောက်နယ်မြေ မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ငှါသရောက်မြို့ အမှတ်(၃) ရပ်ကွက်ရှိ ရွှေတောင်ကုန်းဘုန်းတော်ကြီးကျောင်းအတွက် ရေဂါလန် ၁၆၀၀၊ ငှါသရောက်မြို့ ရွှေလုံပျံ ရပ်ကွက်ရှိ အိမ်ထောင်စု ၃၅၀ အတွက် ရေဂါလန် ၄၈၀၀၊ တောင်ဇင်းနယ်မြေ မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဝင်းမိုးကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကူရွာကျေးရွာ သာယာအေးစည်ဘုန်းတော်ကြီးကျောင်းအတွက် ရေဂါလန် ၁၆၀၀၊ စံပြကျေးရွာရှိ အိမ်ထောင်စု ၂၅၀ အတွက် ရေဂါလန် ၁၆၀၀၊ ကံစောက်ကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၁၆၀၀၊ ကွမ်းဖလားကျေးရွာရှိ အိမ်ထောင်စု ၂၀၀ အတွက် ရေဂါလန် ၁၆၀၀ တို့ကို နွေရာသီကာလ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရန် ရေသယ်ယာဉ်များဖြင့် ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်အတွင်းရှိ အပူရှိန်မြင့်တက်လာသည်နှင့်အမျှ သောက်သုံးရေ လိုအပ်လျက်ရှိကြောင်း သိရ၍ နယ်မြေမီးသတ်တပ်ဖွဲ့ဝင်များက နေ့စဉ် ဌာနပိုင် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြည့်ဆည်းလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

---

❒ *ရွှေဖုံးမှ*

အဆိုပါကိစ္စရပ်နှင့် ပတ်သက်၍ မေ ၂၆ ရက်တွင်လည်း မြန်မာသံရုံး တိုကျိုမြို့အနေဖြင့် ဂျပန်နိုင်ငံတွင် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ၂၀၂၄ ခုနှစ် မေ ၁ ရက်မှစတင်၍ သံရုံးသို့ လာရောက်ရာတွင် Online Appointment ကြိုတင်ရယူရသည့်စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ကြောင်း ထပ်မံအသိပေးလာပြီး Online Appointment စနစ်သို့ ပြောင်းလဲရာတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြသည့်မြန်မာနိုင်ငံသားများအား ကျေးဇူး တင်ရှိကြောင်းလည်း ပါရှိသည်။

ဆက်လက်၍ နိုင်ငံသားများအနေဖြင့် ကောင်စစ်ကိစ္စများ ဆောင်ရွက်ရန်အတွက် သံရုံးသို့ လာရောက်ရာတွင် Online Appointment ကြိုတင်ရယူပြီးမှသာ မိမိ Appointment ရရှိသည့် နေ့ရက်နှင့် အချိန်တွင် လာရောက်ရန် လိုအပ်ကြောင်းလည်း ထပ်မံအသိပေးထားသည်။ Online Appointment ပြုလုပ်ခြင်းကို http://www.myanmar-embassy-tokyo.net/2024/online-appointment/onlineappointment.htm လင့် (သို့မဟုတ်) QR Code တွင် ပြုလုပ်နိုင်ကြောင်းလည်း ဆိုထားသည်။

**MT**

---

# မြန်မာလူငယ်ကျောင်းသားကျောင်းသူများ ထိုင်းနိုင်ငံတက္ကသိုလ်များသို့ လေ့လာရေးခရီးသွားရောက်ရန် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာ

**ရန်ကုန် မေ ၂၈**

ထိုင်းနိုင်ငံရှိ တက္ကသိုလ်များသို့ လေ့လာရေးခရီး သွားရောက်ရန် မြန်မာလူငယ် ကျောင်းသားကျောင်းသူ ၁၁ ဦး ပါဝင်သည့်အဖွဲ့သည် Myanmar Advisory Services စီစဉ်မှုဖြင့် မေ ၂၇ ရက် မွန်းလွဲပိုင်းက MAI လေကြောင်းလိုင်း ခရီးစဉ်ဖြင့် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ချင်းမိုင်မြို့သို့ ထွက်ခွာသွားသည်။




အဆိုပါ လေ့လာရေးအဖွဲ့သည် ချင်းမိုင်ရှိ ချင်းမိုင်တက္ကသိုလ်နှင့် မြောက်ပိုင်း ချင်းမိုင်တက္ကသိုလ်၊ ချင်းရိုင်ရှိ မဲ့ဖလုံတက္ကသိုလ်၊ ဘန်ကောက်မြို့နှင့် ပတ်ဝန်းကျင်ရှိ တက္ကသိုလ်များဖြစ်သည့် Assumption University (ABAC), Bangkok University, NIDA , Kasetsart University , Chulalongkorn University , Stamford International University တို့သို့ သွားရောက်လေ့လာကြမည်ဖြစ်သည်။ အဆိုပါခရီးစဉ်အတွင်း တက္ကသိုလ်များက ပြုလုပ်မည့် ထိုင်းနိုင်ငံယဉ်ကျေးမှုနှင့် ထိုင်းနိုင်ငံ ပညာရေး အခြေခံသိကောင်းစရာ ဟောပြောပွဲများကိုလည်း တက်ရောက်ကြမည်ဖြစ်ပြီး လေ့လာရေး ခရီးလည်း သွားရောက်ကြမည်ဖြစ်သည်။ ခရီးစဉ်မှာ ရှစ်ညအိပ် ကိုးရက်ခရီးဖြစ်သည်။

ထိုင်းတက္ကသိုလ်ဘွဲ့ရ မြန်မာကျောင်းသားများ အသင်းမှ ကြီးမှူးပြီး ရန်ကုန်မြို့ရှိ ထိုင်းသံရုံး၏ ပံ့ပိုးကူညီမှုဖြင့် ထိုင်းနိုင်ငံအတွင်းရှိ နိုင်ငံတကာအဆင့်မီ တက္ကသိုလ် ၃၂ ခုတို့ ပါဝင်ပြသသည့် (၇) ကြိမ်မြောက် ထိုင်းနိုင်ငံ တက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲကို မေ ၇ ရက်က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ပြုလုပ်ခဲ့ရာ မြန်မာလူငယ် ကျောင်းသားကျောင်းသူများနှင့် မိဘများအပါအဝင်ဧည့်ပရိသတ် ၃၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့ကြသည်။

**မျိုးမင်းသူရ**

---

# လယ်ဝေးမြို့နယ်၌ နေပြည်တော် ဆီထွက်သီးနှံအထူးဇုန်တွင် တောင်သူပညာပေးဆွေးနွေး



**နေပြည်တော် မေ ၂၈**

လယ်ဝေးမြို့နယ်၌ ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံများ စိုက်ပျိုးလျက်ရှိကာ နေပြည်တော်ဆီထွက်သီးနှံအထူးဇုန်ကို ၂၀၂၄-၂၀၂၅ ခုနှစ်မှစတင်ကာ ဖော်ဆောင်သွားမည်ဖြစ်ပြီး မြို့နယ်အတွင်း ကျေးရွာအုပ်စုအလိုက် တောင်သူပညာပေးဆွေးနွေးပွဲများကို ပြုလုပ်ပေးလျက်ရှိရာ မေ ၂၆ ရက်က စိုင်ခေါင်းရိုးကျေးရွာအုပ်စု ကျေးရွာခန်းမ၌ တောင်သူပညာပေးဆွေးနွေးပွဲ ပြုလုပ်သည်။ (ဓာတ်ပုံ)

တောင်သူပညာပေးဆွေးနွေးပွဲတွင် နေပြည်တော်ဆီထွက်သီးနှံအထူးဇုန်တာဝန်ခံ ဦးစိုးနိုင်နှင့် လယ်ဝေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးတို့က ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်ပြီး တစ်ဧကအထွက်နှုန်းတိုးမြင့်ထွက်ရှိရေးအတွက် လိုက်နာဆောင်ရွက် စိုက်ပျိုးခြင်းဖြင့် လက်ရှိအထွက်နှုန်းမှ ပိုမိုတိုးတက်ထွက်ရှိလာအောင် ဆီထွက်သီးနှံဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆီထွက်သီးနှံဇုန်များတွင် တောင်သူများအတွက် သွင်းအားစုများ အချိန်မီရရှိရေး၊ စိုက်ပျိုးရေများရရှိရေးအတွက် သက်ဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မျိုးစေ့ရရှိရေးအတွက်လည်း မြို့နယ်စိုက်ပျိုးရေးရုံးမှ ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆီထွက်သီးနှံလျာထားဧက သတ်မှတ်ထားသည့် ဧက ၆၀၀၀၀ ကျော် စိုက်ပျိုးနိုင်ရန် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ တောင်သူများ သိရှိစေရန် တောင်သူပညာပေးဆွေးနွေးပွဲများ ပြုလုပ်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးထံမှ သိရသည်။

**မောင်ကျော်ကြီး**

# ပုဂံလူရည်ချွန်စခန်းဖွင့်ပွဲအခမ်းအနားကျင်းပ၊ လူရည်ချွန်ကျောင်းသားကျောင်းသူများ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အထင်ကရဘုရားများဖူးမြော်လေ့လာ

မန္တလေး မေ ၂၈

**ပုဂံလူရည်ချွန်စခန်းဖွင့်ပွဲအခမ်းအနားကို ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် အောင်မြေသာရပ်ရှိ ပုဂံလူရည်ချွန်စခန်းမှုခ်ဦးရှေ့၌ ယနေ့နံနက်ပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းနှင့် အဆင့်မြင့်ပညာနှင့် အခြေခံပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ လူရည်ချွန်ကြီးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် လူရည်ချွန် ကျောင်းသား ကျောင်းသူ ၁၄၀၊ ကြီးကြပ်ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့အဖွဲ့အား ဘင်ခရာအဖွဲ့က ဦးဆောင်၍ မြန်မာ့ကျောင်းသီချင်းတီးခတ်ပြီး ပန်းဖွားအဖွဲ့၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူရည်ချွန်ကြီးတို့က ကြိုဆိုကြကာ ပုဂံလူရည်ချွန်စခန်းအား လူရည်ချွန်ကျောင်းသားကျောင်းသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

၎င်းနောက် အခမ်းအနားကို Heritage Bagan Hotel ၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတစ်နိုင်ငံ၏ တိုးတက်အောင်မြင်မှုသည် နိုင်ငံသားများ၏ အသိပညာ အတတ်ပညာ ဗဟုသုတကြွယ်ဝမှု၊ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုများအပေါ် များစွာမူတည်ပါကြောင်း၊ ပညာရေးသည် နိုင်ငံသားတစ်ဦးချင်းစီ၏ ဘဝအဆင့်အတန်းတိုးတက်မြင့်မားစေရန် အခွင့်အလမ်းများ ဖန်တီးပေးပြီး မိမိတို့ဒေသ အသိုက်အဝန်းတွင် အမျိုးသားလူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူဖြစ်စေပါကြောင်း၊ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့ဟူသော ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူရည်ချွန်ကျောင်းသားကျောင်းသူများ မွေးထုတ်ပေးရေးသည်လည်း အဓိကအခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ ပုဂံကိုရောက်ရှိနေသည့် လူရည်ချွန်ကျောင်းသား ကျောင်းသူများအနေဖြင့် လေ့လာရေးခရီးစဉ်တွင် ရင်းနှီးခင်မင်မှုများ၊ ပူးပေါင်းဆောင်ရွက်တတ်မှုများ၊ ဒေသန္တရဗဟုသုတများ ရရှိလာမည်ဖြစ်ပြီး ကောင်းမွန်၍ အကျိုးရှိသည့် အပန်းဖြေရက်များ ဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူလူထုကအားထားရသည့် ပညာရည်ထူးချွန်ပြီး စံနမူနာပြလူငယ်များဖြစ်အောင် အစဉ်အမြဲကြိုးစားနေကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ကျေးဇူးတင်စကားပြန်လည်ပြောကြား**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူရည်ချွန် ရင်ထိုးတံဆိပ်များကို ကျောင်းသားကျောင်းသူတစ်ဦးချင်းစီထံ တပ်ဆင်ပေးအပ်ပြီးနောက် လူရည်ချွန်ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**အမှတ်တရသစ်ပင်စိုက်ပျိုး**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့၊ လူရည်ချွန်ကြီးများနှင့် တာဝန်ရှိသူများက လူရည်ချွန်ကျောင်းသား ကျောင်းသူ ၁၄၀ အား ရင်ထိုးတံဆိပ်များကို တပ်ဆင်ပေးကာ ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်အားပေးကြပြီး လူရည်ချွန်ကျောင်းသားကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လူရည်ချွန် ကျောင်းသား ကျောင်းသူများနှင့်အတူ အမှတ်တရ သစ်ပင်စိုက်ပျိုးခဲ့ကြသည်။



ညပိုင်းတွင် ပုဂံလူရည်ချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အခမ်းအနားကို စတင်ဖွင့်လှစ်ပေးပြီးနောက် တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက စခန်းနှင့်ပတ်သက်၍ တင်ပြပြီးနောက် လူရည်ချွန်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်ဆရာ ဆရာမများအား ပုဂံလူရည်ချွန်စခန်း အမှတ်တရ လက်ဆောင်ပစ္စည်းများကို လည်းကောင်း၊ ပုဂံလူရည်ချွန်အပန်းဖြေစခန်းမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း၊ လူရည်ချွန်ကြီးများနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များအား အမှတ်တရ လက်ဆောင်များကို လည်းကောင်း ပေးအပ်ခဲ့ကြောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လူရည်ချွန်ကျောင်းသားကျောင်းသူများနှင့်အတူ ဂုဏ်ပြုညစာ အတူတကွသုံးဆောင်ကြပြီး ဂုဏ်ပြုညဧည့်ခံဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ပုဂံလူရည်ချွန်စခန်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် လေ့လာရေးခရီးစဉ်များကို သွားရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပုဂံလူရည်ချွန်စခန်းအား လူရည်ချွန်ကျောင်းသားကျောင်းသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက လူရည်ချွန် ကျောင်းသား ကျောင်းသူများနှင့်အတူ အမှတ်တရ သစ်ပင်စိုက်ပျိုးစဉ်။

## ပဲခူးမြို့၌ နွေရာသီကင်းထောက်လူငယ်သင်တန်းဖွင့်လှစ်သင်ကြားနေမှု သွားရောက်ကြည့်ရှုအားပေး

ပဲခူး မေ ၂၈

ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားနေသည့် နွေရာသီလူငယ်ကင်းထောက်သင်တန်းသို့ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ မေ ၂၆ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာက သင်တန်းသား သင်တန်းသူများအားတွေ့ဆုံ၍ အမျိုးသမီးရေးရာအဖွဲ့မှ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အသိပေးရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မိုးသူဇာကျော်က သင်တန်းတက်ရောက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို လည်းကောင်း၊ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်မြင့်မြင့်သန်းက ကျောင်းသား ကျောင်းသူလူငယ်များအနေဖြင့် နွေရာသီအားလပ်ရက်ကို အကျိုးရှိစေရန် ဖွင့်လှစ်ပေးသည့် လူငယ်သင်တန်းကို စိတ်ပါဝင်စားစွာ တက်ရောက်သင်ယူခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကြက်ခြေနီအသင်းမှ ကျောင်းသား ကျောင်းသူ သင်တန်းသားများအား အသက်ကယ်နည်း လက်တွေ့သရုပ်ပြသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး (ယာပုံ) ကျောင်းသား ကျောင်းသူသင်တန်းသားများနှင့် ဆရာ ဆရာမများအတွက် ခေါက်ဆွဲကြော်နှင့် အအေးဘူးများ ပေးဝေကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့မြောက်ဘက် တစ်မိုင်ခန့်အကွာ အုတ်ဖိုကျေးရွာ၌တည်ရှိသော ဆင်ကျုံးဘုရားသို့ သွားရောက်၍ ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဟံသာဝတီခေတ် ဘုရင့်နောင်မင်းတရားကြီးလက်ထက်က တောဆင်ရိုင်းများကို ယဉ်ပါးအောင်ကျုံးသွင်းခဲ့သည့် ရှေးဟောင်းဆင်ကျုံးနေရာအား ရှေးဟောင်းသုတေသနဦးစီးဌာနမှ ပြန်လည်တူးဖော် ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုလေ့လာခဲ့ရာ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်မျိုးပပအောင်က သမိုင်းကြောင်းကို ရှင်းလင်းပြောကြားပေးခဲ့ကြောင်း သိရသည်။

**သက်ထက်**



# ၂၀၂၅ ခုနှစ် တောင်ကြီးလူရည်ချွန်စခန်းဖွင့်ပွဲကျင်းပ၊ အထင်ကရ ဘုရားစေတီပုထိုးများ၊ အထင်ကရနေရာများသို့ လှည့်လည်လေ့လာ



တောင်ကြီး မေ ၂၅

**၂၀၂၅ ခုနှစ် တောင်ကြီး လူရည်ချွန်စခန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။**

ဦးစွာ ၂၀၂၅ ခုနှစ် တောင်ကြီး လူရည်ချွန်စခန်း ဆိုင်းဘုတ်ကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် တောင်ကြီး လူရည်ချွန်စခန်းကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ ပြည်နယ်ပညာရေးမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ကြသည်။ **(ယာပုံ)**

**ပြန်လည်မျှဝေပေးနိုင်ရေး ကြိုးစားလေ့လာ**

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကိုကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လူရည်ချွန် မောင်မယ်များ လေ့လာရေးခရီးစဉ်တွင် ဒေသခံပြည်သူများ၏ ဘဝ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် လက်မှုအနုပညာများ အစရှိသဖြင့် မှတ်သားဖွယ်ရာများကို ထဲထဲဝင်ဝင် သိရှိအောင် လေ့လာကြရန်နှင့် မိမိမှတစ်ဆင့် အခြားသူများကို ပြန်လည်မျှဝေပေးနိုင်ရေး ကြိုးစားလေ့လာရန် မှာကြားလိုကြောင်း၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရန်၊ မတူညီသော ယဉ်ကျေးမှု ဓလေ့ထုံးစံများကို အချင်းချင်း ဖလှယ်ရယူပြီး တစ်ဦးပေါ်တစ်ဦး နားလည်ကာ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်လာစေရန်၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမ အချင်းချင်း ချစ်ခင်ရင်းနှီးမှုများ ပိုမိုရရှိကြစေရန် အထူးမျှော်လင့်မိပါကြောင်း၊ နိုင်ငံအကျိုး၊ လူမျိုးအကျိုး၊ ဘာသာ သာသနာပညာ အကျိုးတို့ကို ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ၊ ဝီရိယစွမ်းအားရှိသမျှ သယ်ပိုးထမ်းဆောင်ကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လူရည်ချွန်မောင်မယ်များနှင့် လူရည်ချွန်ကြီးကြပ်များကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် လူရည်ချွန်မောင်မယ်များကိုယ်စား ကျောင်းသားတစ်ဦးကို ရင်ထိုးတံဆိပ်တပ်ဆင်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး၊ ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက က လူရည်ချွန်မောင်မယ်များ ကိုယ်စား ကျောင်းသူတစ်ဦးကို ရင်ထိုးတံဆိပ်တပ်ဆင်ပေး၍ ပြည်နယ်လူမှုရေးရာဝန်ကြီးက ရင်ထိုးတံဆိပ်များပေးအပ်ရာ လူရည်ချွန်မောင်မယ်များကိုယ်စား လူရည်ချွန်မောင်မယ် နှစ်ဦးက လက်ခံရယူသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် တောင်ကြီး လူရည်ချွန်စခန်းဖွင့်ပွဲ အထိမ်းအမှတ် လက်ဆောင်များကို ဧည့်သည်တော်များအား နေရာအရောက်ပေးအပ်ပြီး လူရည်ချွန် (၁၉၆၄-၁၉၈၈) အဖွဲ့က ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ လူရည်ချွန်မောင်မယ်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လူရည်ချွန် မောင်မယ်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

**စူဠာမုနိဘုရားအား သွားရောက်ဖူးမြော်လေ့လာ**

ဆက်လက်၍ တောင်ကြီး လူရည်ချွန် အပန်းဖြေစခန်းမှ လူရည်ချွန် မောင်မယ်များသည် စူဠာမုနိဘုရားအား သွားရောက်ဖူးမြော်လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် နေ့လယ်စာ သုံးဆောင်ကြပြီး တောင်ကြီးမြို့၏ ကျက်သရေဆောင် ရွှေဘုန်းပွင့်ဘုရားအား သွားရောက်ဖူးမြော်၍ ဘုရားပေါ်မှ တောင်ကြီးမြို့၏ သဘာဝအလှရှုခင်းများကြည့်ရှုပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြကာ တောင်ကြီးမြို့ မြို့မဈေးသို့သွားရောက်၍ ဒေသထွက်ကုန်များနှင့် စားသောက်ကုန်များ၊ လူသုံးကုန်များ ရောင်းဝယ်နေမှုကို ကြည့်ရှုလေ့လာကြကာ အမှတ်တရအဖြစ် ဒေသထွက်ကုန်များကို ဝယ်ယူအားပေးကြသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ ဒသမတန်း လူရည်ချွန်မောင်မယ် ၁၄၀ တို့သည် တောင်ကြီး လူရည်ချွန်အပန်းဖြေစခန်းတွင် အခြေပြု၍ ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်းရှိ အထင်ကရ ဘုရားစေတီပုထိုးများ၊ အထင်ကရနေရာများသို့ လှည့်လည်လေ့လာသွားမည် ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ၂၀၂၅ ခုနှစ် ကောဒသမတန်း လူရည်ချွန်စခန်း (ငွေဆောင်) နှင့် ဒွါဒသမတန်း လူရည်ချွန်စခန်း(ချောင်းသာ) စခန်းဖွင့်ပွဲကျင်းပ



ပုသိမ် မေ ၂၅

၂၀၂၅ ခုနှစ် ကောဒသမတန်းလူရည်ချွန်စခန်း (ငွေဆောင်) နှင့် ဒွါဒသမတန်း လူရည်ချွန်စခန်း (ချောင်းသာ) စခန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါစခန်းများ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ယင်းတို့၏ဇနီးများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူရည်ချွန်မောင်မယ်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းရင်းသားရေးရာဝန်ကြီး၊ ပညာရေးသုတေသနစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ လူရည်ချွန်စခန်းမှူး (ငွေဆောင်) တိုင်းဒေသကြီး ပညာရေးမှူးတို့က ၂၀၂၅ ခုနှစ် ကောဒသမတန်း လူရည်ချွန်စခန်း (ငွေဆောင်) မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ ယမုံနာဦးဟိုတယ်ခန်းမ၌ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို ဆက်လက်ပြုလုပ်ရာ လူရည်ချွန်မောင်မယ်များက “မြန်မာ့ကျောင်း”သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူရည်ချွန်များသည် ကျောင်းစာတွင် ထူးချွန်ရုံမက ပြင်ပဗဟုသုတစာပေများ၊ အားကစား၊ အနုပညာနှင့် ပေါင်းသင်းဆက်ဆံရေး ကဏ္ဍများတွင်လည်း ဘက်စုံထူးချွန်ထက်မြက်သူများဖြစ်ပါကြောင်း၊ လူရည်ချွန်မောင်မယ်များအနေဖြင့် အနာဂတ်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်ကြရမည့်သူများဖြစ်ပြီး ဘက်ပေါင်းစုံမှထူးချွန်ပြီး ဗလငါးတန်နှင့် ပြည့်စုံသည့် လူရည်ချွန်မောင်မယ်များဖြစ်စေရေး ကြိုးပမ်းကြစေလိုကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး လူရည်ချွန်အပန်းဖြေစခန်းများသို့ လာရောက်ကြသည့် လူရည်ချွန်မောင်မယ်များအနေဖြင့် နေထိုင်စဉ်ကာလအတွင်း တိုင်းဒေသကြီး၏ နယ်မြေဒေသဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အပန်းဖြေလေ့လာစရာများ စုံလင်စွာ လေ့လာနိုင်ရေးနှင့် ဗဟုသုတများ များစွာရရှိနိုင်စေရေး ဆောင်ရွက်ထားရှိကြောင်းနှင့် အေးချမ်းပျော်ရွှင်စွာဖြင့် အတူတကွ ဖြတ်သန်းနိုင်ကြပါစေကြောင်း ပြောကြားသည်။

**ရင်ထိုးတံဆိပ်များအား တစ်ဦးချင်းစီ ဂုဏ်ပြုချီးမြှင့်**

ယင်းနောက် လူရည်ချွန် အပန်းဖြေစခန်း (ငွေဆောင်) လူရည်ချွန်စခန်းမှူး တိုင်းဒေသကြီး ပညာရေးမှူးက လူရည်ချွန်စခန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများက လူရည်ချွန်မောင်မယ်များကို ရင်ထိုးတံဆိပ်များအား တစ်ဦးချင်းစီ ဂုဏ်ပြုချီးမြှင့်အပ်နှင်းသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူရည်ချွန်မောင်မယ်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးက လူရည်ချွန်မောင်မယ်များအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြပြီး (၁၉၆၄ – ၁၉၈၈) လူရည်ချွန်ကြီးများက တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်ထံသို့ အမှတ်တရလက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ ငွေဆောင်လူရည်ချွန်စခန်းမှူးက တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် လူရည်ချွန်ကြီးများထံသို့ အမှတ်တရလက်ဆောင်များကိုလည်းကောင်း ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် အ.ထ.က(ခွဲ)ရှောက်ချောင်းမှ ကျောင်းသားကျောင်းသူလေးများ၏ ကရင်ဒုံးယိမ်းအကကို ကြည့်ရှုအားပေးပြီး လူရည်ချွန်မောင်မယ်များက “ဇာတိမာန်” သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ ကောဒသမတန်းလူရည်ချွန်စခန်း (ငွေဆောင်) စခန်းဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒွါဒသမတန်း လူရည်ချွန်စခန်း( ချောင်းသာ) စခန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့်အတူ လူရည်ချွန်စခန်း (ချောင်းသာ) မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ AZURA ဟိုတယ်၌ အခမ်းအနားကို ဆက်လက်ကျင်းပရာ လူရည်ချွန်မောင်မယ်များက “မြန်မာ့ကျောင်း” သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ ထို့နောက် လူရည်ချွန်အပန်းဖြေစခန်း (ချောင်းသာ) လူရည်ချွန်စခန်းမှူးက လူရည်ချွန်စခန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက လူရည်ချွန်မောင်မယ်များကို ရင်ထိုးတံဆိပ်များ တစ်ဦးချင်းစီ ဂုဏ်ပြုချီးမြှင့် အပ်နှင်းသည်။ ယင်းနောက် လူရည်ချွန်စခန်းမှူး (ချောင်းသာ)က တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများထံသို့လည်းကောင်း၊ (၁၉၆၄-၁၉၈၈) လူရည်ချွန်ကြီးများက တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများထံသို့လည်းကောင်း အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူလေးများ၏ “မမပုသိမ်သူ” သီချင်းဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး လူရည်ချွန်မောင်မယ်များက “ဇာတိမာန်” သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ ဒွါဒသမတန်း လူရည်ချွန်စခန်း (ချောင်းသာ) စခန်းဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

**ကမ္ဘာ့အပူချိန် လျော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

# နေပြည်တော်ကောင်စီမှ ကြီးမှူး၍ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်

## သားကောင်းရတနာ သမီးကောင်းရတနာများဖြစ်အောင် တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းပူးပေါင်း ပြုစုပျိုးထောင်ပေးကြရမည်

**နေပြည်တော် ဧပြီ ၂၈**

နေပြည်တော်ကောင်စီက ကြီးမှူးဖွင့်လှစ်သည့် နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပျဉ်းမနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဇနီး၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် တာဝန်ရှိသူများ၊ နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ နေပြည်တော် အမျိုးသမီးနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများဖြစ်သည့် ဗုဒ္ဓစာပေသင်ကြားမှုများကို ဆက်လက်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များကို ယဉ်ကျေးလိမ္မာစေရန်၊ အမျိုးဘာသာ သာသနာကိုထိန်းသိမ်းစောင့်ရှောက်စေရန်နှင့် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ဗုဒ္ဓဘာသာမြန်မာ့ယဉ်ကျေးမှု အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် လူငယ်လူရွယ်များ ဖြစ်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း၊ ယနေ့ ဖွင့်လှစ်သင်ကြားပို့ချပေးမည့် ယဉ်ကျေးလိမ္မာသင်တန်းမှတစ်ဆင့် အမျိုးဘာသာ သာသနာကိုချစ်မြတ်နိုးတတ်သော သားကောင်းရတနာ သမီးကောင်းရတနာများဖြစ်အောင် တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းပူးပေါင်းပြီး ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ (ယာပုံ)



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ယဉ်ကျေးလိမ္မာသင်တန်းအတွက် ၃၈ ဖြာမဂ်လာ၊ ဗုဒ္ဓဝင်၊ ဘုရားရှိခိုးနှင့် ပြည်သူ့နီတိစာအုပ်များကိုလည်းကောင်း၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သီတာဇင်နှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများနှင့် သင်တန်းတက်ရောက်သည့် ကျောင်းသား ကျောင်းသူများကို အာဟာရကျွေးမွေးရန်အတွက် အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းသား ကျောင်းသူများနှင့် သင်တန်းနည်းပြတစ်ဦးတို့က လက်ခံရယူကြသည်။ ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယဉ်ကျေးလိမ္မာသင်တန်းတက်ရောက်မည့် ကျောင်းသား ကျောင်းသူများကို သင်ထောက်ကူစာရေးကိရိယာများနှင့် အာဟာရဖြည့် အစားအစာများကို ပေးအပ်ကြသည်။

ယနေ့ဖွင့်လှစ်သည့် ယဉ်ကျေးလိမ္မာသင်တန်းကို နေပြည်တော်ကောင်စီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများနှင့် နေပြည်တော်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းသားသမီးများ ကျောင်းသားကျောင်းသူ စုစုပေါင်း ၇၂ ဦးတို့ကို ဧပြီ ၂၈ ရက်မှ မေ ၄ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးအတွက် လက်တွေ့ဖော်ဆောင်နိုင်ပြီး မှတ်ကျောက်တွင် ကျန်ရစ်စေမည့်လုပ်ငန်းအစီအစဉ်များ၊ စီမံကိန်းများရေးဆွဲတင်ပြနိုင်ရေး ကြိုးပမ်းကြရန်တိုက်တွန်း

**နေပြည်တော် ဧပြီ ၂၈**

အာဆီယံ စီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC) ၂၀၂၅ ၏ လုပ်ငန်းကော်မတီများတွင် ပါဝင်သည့် စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ လုပ်ငန်းကော်မတီ၏ ၁/၂၀၂၄ ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၆ ရက် မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက အာဆီယံစားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအတွက် မျှော်မှန်းချက်၊ မဟာဗျူဟာအစီအစဉ် (၂၀၂၁-၂၀၂၆)နှင့် အာဆီယံစီးပွားရေး အသိုက်အဝန်း (၂၀၂၅) တွင်ပါရှိသော လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအနေဖြင့် အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တန်းတူပါဝင်ဆောင်ရွက်လျက်ရှိသည့်အတွက် ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ကြုံတွေ့ရသည့်အခက်အခဲ၊ စိန်ခေါ်မှု ရရှိခဲ့သည့်အကျိုးကျေးဇူးများကို ပြန်လည်သုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်များကို သတ်မှတ်နိုင်ရေးအတွက် ယခုအစည်းအဝေးတွင် ဝိုင်းဝန်းဆွေးနွေးကြရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံက အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၀၄ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပြီး အစည်းအဝေးများ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ် ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် တတိယအကြိမ် အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးအတွက် လက်တွေ့ဖော်ဆောင်နိုင်ပြီး မှတ်ကျောက်တွင် ကျန်ရစ်စေမည့် လုပ်ငန်းအစီအစဉ်များ၊ စီမံကိန်းများ ရေးဆွဲတင်ပြနိုင်ရေး ကြိုးပမ်းကြရန် တိုက်တွန်း ပြောကြားသည်။ (ဝဲပုံ)

ဆက်လက်၍ လုပ်ငန်းကော်မတီ၏ အတွင်းရေးမှူးက အာဆီယံစီပွားရေးအသိုက်အဝန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ၏ ပါဝင်ဆောင်ရွက်ရသော အခန်းကဏ္ဍ၊ စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ၏ မျှော်မှန်းချက်၊ ပန်းတိုင်နှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဆောင်ရွက်ချက်များ၊ ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဆောင်ရွက်ရမည့် (၄၆) ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့်လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များမှ ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်တွင် လုပ်ငန်းအဖွဲ့အလိုက် ဆောင်ရွက်ပြီးစီးခဲ့သည့်လုပ်ငန်းများ၊ ကြုံတွေ့ရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများ၊ ရှေ့ဆက်လက် ဆောင်ရွက်သင့်သော လုပ်ငန်းများကို တင်ပြဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက ပြန်လည်သုံးသပ်၍ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားကြောင်း သိရသည်။

**သတင်းစဉ်**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၅၂၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဧပြီ ၂၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဧပြီ ၂၉ ရက်မှ မေ ၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၅၂၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြောင်းမြမြို့၌ နွေရာသီလူငယ်ကင်းထောက် သင်တန်းဆင်း

**မြောင်းမြ ဧပြီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ပညာရေးဦးစီးဌာနက ကြီးမှူး၍ လူငယ်များ၏ အတွေးအခေါ်မှန်ကန်စေရေး၊ ကင်းထောက်လူငယ်များ၏ လုပ်ငန်းတန်ဖိုး၊ အကျင့်စာရိတ္တနှင့် စည်းကမ်းအလေ့အကျင့်ကောင်းများကို လူငယ်များ သိရှိလာစေရန် ရည်ရွယ်၍ နွေရာသီလူငယ်ကင်းထောက်သင်တန်းကို ဖွင့်လှစ်သင်ကြားပို့ချပေးရာ သင်တန်းဆင်းပွဲကို ဧပြီ ၂၅ ရက်က အထက(၁) ပညာရတနာခန်းမ၌ ပြုလုပ်ခဲ့ပြီး မြို့နယ်ပညာရေးမှူး ဦးမြင့်အောင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

သင်တန်းတွင် ကင်းထောက်သတိ သုံးပါး၊ ကင်းထောက်ကျင့်ဝတ် ၁၀ ပါး၊ ကြိုးချည်နည်း၊ ရှေးဦးသူနာပြုစုနည်း၊ အချက်ပြနည်းများ၊ နိုင်ငံတော်သီချင်း၊ နိုင်ငံတော်အလံ၊ လေးစားနှုတ်ဆက်နည်း၊ အနုပညာနှင့် ကာယပညာဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ပြီး ကြီးကြပ်ဆရာ ဆရာမ ၁၃ ဦး၊ နည်းပြဆရာ ဆရာမ ခြောက်ဦးတို့က သင်တန်းသား သင်တန်းသူ ၈၀ တို့ကို ဧပြီ ၂၃ ရက်မှ ၂၅ ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ဇေယျာ(ပြန်/ဆက်)**

# မွန်ပြည်နယ် ဓမ္မသတ်ကျေးရွာ၊ ကရင်ပြည်နယ် ကော့ဘိန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ယာယီနေရပ်စွန့်ခွာနေရသော ဒေသခံပြည်သူများ ၎င်းတို့၏နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်၊ လိုအပ်သည့်ကူညီစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေး

**နေပြည်တော် ဧပြီ ၂၈**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဓမ္မသတ်ကျေးရွာ၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဘိန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများတွင် ဝင်ရောက်နေထိုင်ပြီး အကြမ်းဖက်အဖျက်အမှောင့် လုပ်ငန်းများလုပ်ဆောင်နေသည့် အကြမ်းဖက် သောင်းကျန်းသူများကို တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter– Terrorism Operation) ဖြင့် စနစ်တကျ ဆောင်ရွက်ပြီး တိုက်ခိုက်ချေမှုန်းခဲ့ရာ အဆိုပါဒေသများအား ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသပြန်လည်ထူထောင်ရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် သတင်းကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယခုအခါ ယင်းဒေသများသည် ပြန်လည်တည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် ယာယီနေရပ်စွန့်ခွာနေရသော ဒေသခံပြည်သူများကို ၎င်းတို့၏ ကျေးရွာများသို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး စည်းရုံးဆောင်ရွက်ခဲ့ရာ ဧပြီ ၂၇ ရက်အထိ မွန်ပြည်နယ် ဓမ္မသတ်ကျေးရွာ၊ တရနာကျေးရွာနှင့် ကော့သတ်ကျေးရွာများသို့ အမျိုးသား ၉၆ ဦး၊ အမျိုးသမီး ၁၂၄ ဦး စုစုပေါင်း ၂၂၀ နှင့် ကရင်ပြည်နယ် ကော့ဘိန်း ကျေးရွာသို့ အမျိုးသား ၁၆၁ ဦး၊ အမျိုးသမီး ၃၂၄ ဦး စုစုပေါင်း ၄၈၅ ဦးတို့ ပြန်လည်ဝင်ရောက်နေထိုင်လာကြောင်း သိရသည်။





ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများက ဓမ္မသတ်ကျေးရွာအတွင်း အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးသွားသော နေအိမ်အဆောက်အအုံများအား လိုက်လံကြည့်ရှုစဉ်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက နေ့ညမပြတ် ပြန်လည်ကြိုဆို၍ စနစ်တကျလက်ခံလျက်ရှိပြီး လိုအပ်သည့် ကူညီစောင့်ရှောက်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာပစ္စည်းများနှင့် လိုအပ်သည့် ထောက်ပံ့ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း **(အပေါ်ပုံ)** နှင့် ယာယီနေရပ်စွန့်ခွာနေရသော ဒေသခံပြည်သူများသည် ၎င်းတို့၏နေရပ်အသီးသီးသို့ ဆက်လက်ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လှည်းကူးမြို့နယ်၌ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

**လှည်းကူး ဧပြီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ သစ်တောဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ချစ်တတ်လာစေရန်နှင့် ရာသီဥတုပြောင်းလဲမှု လျော့ပါးရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး၊ သစ်တောများ၏ အကျိုးကျေးဇူးများကို သိရှိနားလည်စေရန် ရည်ရွယ်၍ သစ်တောနှင့် ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ရိပ်သာရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း (မြို့မ) ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ဝင်း၊ တောအုပ် ဦးမင်းဇော်ထွဋ်၊ တောခေါင်းဦးမြင့်နိုင်နှင့် ဦးအောင်မျိုးရွှေတို့က ကျောင်းသား ကျောင်းသူများအား သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ အသိပညာပေးခြင်း၊ သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ သစ်တောများနှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းခြင်းနှင့် သစ်တောများမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများကို အသိပညာပေး ဟောပြောပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။ ထို့နောက် သစ်တောဦးစီးဌာနမှ ထုတ်ဝေထားသော အပူလှိုင်းဖြတ်ခဲ့ပါက သိထားသင့်သည်များနှင့် ဆောင်ရန်/ ရှောင်ရန်အချက်များ၊ အသိပညာပေးလက်ကမ်းစာစောင်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အေးအေးနွဲ့**



## သယ်ယူပို့ဆောင်ရေး အခြေအနေကြောင့် အမဲသားဈေးကောင်းနေ

**ရန်ကုန် ဧပြီ ၂၈**

သယ်ယူပို့ဆောင်ရေး အခြေအနေကြောင့် အမဲသားဈေးကောင်းနေကြောင်း အမဲသားရောင်းဝယ်ရေး အသိုင်းအဝိုင်းထံ ဆက်သွယ်မေးမြန်းထားသည့် အချက်အလက်များအရ သိရသည်။

ပြီးခဲ့သည့် သုံးရက်ခန့်တွင် အမဲသားဈေးမှာ ငွေကျပ် ၁၇၀၀၀ ခန့်ရှိရာမှ တစ်ထောင်ကျပ်တက်လာခြင်းဖြစ်ကာ ဈေးနှုန်းမငြိမ်သည့် အခြေအနေရှိနေကြောင်းလည်း သိရသည်။ “အမဲသားက ဈေးတက်တယ်။ လက်လီမှာ တစ်ပိဿာကို ငွေကျပ် ၁၇၀၀၀၊ ငွေကျပ် ၁၈၀၀၀ ရောင်းရတယ်။ ကျွန်မတို့ဆီမှာက ဈေးချိုသေးတယ်။ မြို့ထဲမှာ ငွေကျပ် ၂၀၀၀၀ ကျော် ရောင်းနေတာလည်းရှိတယ်။ အစ်မတို့ဆီမှာက ငွေကျပ် ၁၈၀၀၀ ကို ဒီနေ့မှ စရောင်းတာ။ သယ်ယူပို့ဆောင်ရေးကြောင့်ပေါ့။ လမ်းမှာက စရိတ်စကတွေ အလွန်များတယ်။ ထပ်တက်ဖို့တော့ ယူတဲ့ဒိုင်ဘက်က မပြောဘူး။ ကျဖို့ကတော့မရှိဘူး” ဟု ရန်ကုန်မြို့မှ အမဲသား ရောင်းဝယ်ရေး ဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

ထိုသို့ ရောင်းဝယ်ရာတွင် အသားဈေးနှင့် အကြော၊ အရွတ်ဈေးမှာ အနည်းငယ်ကွဲပြားပြီး အကြော၊ အရွတ်ဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ ခန့် ရှိကြောင်းလည်း သိရသည်။ သင်္ကြန်မတိုင်မီကာလက အမဲသား လက်လီဈေးကွက်တွင် အသား တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀၀ ရှိခဲ့ပြီး ထိုမှတစ်ဆင့်အဆင့်ဆင့် ဈေးတက်ခဲ့ခြင်း ဖြစ်ကာ ဈေးနှုန်းအခြေအနေကြောင့် စားသုံးသူနည်းပါးမည်ကို စိုးရိမ်မှုများလည်းရှိနေကြောင်း သိရသည်။

အမဲသားသည် မြန်မာနိုင်ငံတွင် စားသုံးသူများသည့် အသားတစ်မျိုးဖြစ်ကာ ပြည်ပသို့ အေးခဲတင်ပို့မှုလည်းရှိနေကြောင်း သိရသည်။

**Thit Taw**




## အောင်ပန်းကုန်စိမ်းဈေးကွက်တွင် ရွှေပဲသီးများ အဝယ်လိုက်ပြီး ဈေးကောင်းရနေ

**ရန်ကုန် ဧပြီ ၂၈**

ရှမ်းပြည်နယ် အောင်ပန်းကုန်စိမ်းဈေးကွက်တွင် ဝယ်သူများနေသည့်အတွက် ရွှေပဲသီးများ ဈေးကောင်းရနေကြောင်း အထက်ပါဈေးကွက်သို့ ဆက်သွယ်မေးမြန်းထားသည့် အချက်အလက်များအရ သိရသည်။

ရွှေပဲသီးများ ဈေးများ ဈေးကောင်းရနေသည်မှာ တစ်ပတ်ခန့်ရှိနေပြီဖြစ်ပြီး ယခင်အပတ်များအတွင်းက ရွှေပဲသီးတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ မှ ယခုရက်သတ္တပတ်အတွင်း၌ ငွေကျပ် ၁၀၀၀၀ အထိ ဈေးနှုန်းရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။



“တက်တာက ရွှေပဲသီးပေါ့။ ရွှေပဲသီးက လက်ရှိတစ်သောင်းကျော်သွားပြီ။ တစ်သောင်းနဲ့သုံးရာလောက်အထိ ရောက်သွားပြီ။ အရင်ကကျပ် ငွေကျပ် ၅၅၀၀ – ၆၀၀၀ ပေါ့။ တစ်ပတ်အတွင်းမှာ တက်တာ။ အဓိကအဆွဲများတာပဲ။ အဆွဲများတော့ ဈေးလိုက်သွားတဲ့ သဘောပါ။ တခြားဒေသက ဒီအချိန်နားတော့ ကုန်စိမ်းတွေလည်းမထွက်တော့ ဝိုင်းဆွဲကြတဲ့ သဘောပေါ့။ ပွဲရုံတွေကလည်းတက်ပေးရတာ။ မတက်ပေးရင် တောင်သူတွေက တောင်းဆိုမှုတွေ လာနိုင်တယ်” ဟု အောင်ပန်းကုန်စိမ်းပွဲရုံတစ်ရုံမှ မန်နေဂျာက ပြောသည်။

ထိုသို့ ဈေးကောင်းနေသော်လည်း မကြာမီကာလတွင် ဈေးကျနိုင်ပြီး ခန့်မှန်းကာလကိုမူ ပြော၍မရသေးသည့် အခြေအနေဖြစ်ကြောင်း သိရသည်။ “ဈေးထပ်တက်ရင်လည်း ငွေကျပ် ၁၁၀၀၀ အထိပဲတက်မှာပါ။ အဲဒါထက်တော့ မကျော်လောက်တော့ဘူး။ တအားကျော်ရင်တော့ မလိုက်နိုင်တော့ဘူး။ အဲဒီလိုဖြစ်ကုန်မယ်။ အဝယ်နည်းရင်တော့ကျမှာပါ။ ဘယ်ချိန်ကျမလဲတော့မပြောနိုင်ဘူး။ စားသုံးသူနဲ့ ဈေးကွက်နဲ့ ဆိုင်တာပေါ့။ ဒါကြောင့် အရောင်းသွက်နေတာပါ” ဟု ၎င်းက ဆိုသည်။

**Thit Taw**

# တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေး ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြပါစို့

**ပြီးခဲ့သည့်ရက်က ဝန်ကြီးရုံးမှာ အစည်းအဝေးတစ်ခုရှိသဖြင့် ကားဖြင့်ထွက်လာခဲ့သည်။ အစည်းအဝေးက မွန်းလွဲ ၁ နာရီ ဖြစ်သဖြင့် ဇေယျာသီရိမြို့နယ်ရှိ အိမ်မှ မွန်းတည့် ၁၂ နာရီမှာ ထွက်ဖြစ်သည်။ မွန်းတည့်နေက အတော်ပူသည်။ ဆီးချွေတာသည့်အနေဖြင့် အဲကွန်းမဖွင့်ဘဲ မောင်းလာသည့်အတွက် တစ်ခါတစ်ရံ လေပူတို့ အတိုးအဝှေ့ကြောင့် ကားမောင်းရင်း ချွေးပြိုက်ပြိုက်ကျနေသည်။**

ကောင်းဆက်

ထိုသို့မောင်းလာရင်းဖြင့် ရေဆင်းကျေးရွာနား တစ်ဝိုက်ရောက်သောအခါ ရေမြေသဘာဝအရ လေ၏ အေးမြမှု အထိအတွေ့ကို ခံစားရသည်။ ဘေးဘီ ဝဲယာ ကြည့်လိုက်သည့်အခါ နွေစပါးခင်း စိမ်းစိမ်း စိုစိုများကိုတွေ့ရသည်။ ကားလမ်းဘေး ရေပေး မြောင်းများတွင်လည်း ရေက တသွင်သွင်စီးဆင်း နေသည်။ နှစ်ချို့ကုက္ကိုပင်ကြီးများ၏ အရိပ်ကလည်း လမ်းဘေး ဝဲယာတွင် ယှက်လျက်ရှိနေသည်။ ထိုကဲ့သို့ သော သဘာဝပတ်ဝန်းကျင်ကို ဖြတ်သန်းတိုက်ခတ် လာသောလေကြောင့် အေးမြသည့်အထိအတွေ့ကို ခံစားရခြင်းဖြစ်သည်။



နွေစပါးကို ဆန်ခါပိုက်ဖြင့် ပျိုးထောင်စိုက်ပျိုးနည်းစနစ်အကြောင်း တောင်သူများအား ပညာပေးစဉ်။

ရေဆင်းနယ်မြေသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တည်ရှိသည်။ ရေဆင်းဆည်အနီး တွင် တည်ရှိပြီး စိုက်ပျိုးရေးတက္ကသိုလ်၊ သစ်တော တက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့ အပြင် စိုက်ပျိုးရေးသုတေသန၊ သစ်တောသုတေ သနလုပ်ငန်းများ တည်ရှိရာဖြစ်သဖြင့် စိုက်ပျိုးရေး စံပြနယ်မြေအဖြစ် တည်ရှိနေသည်။ နိုင်ငံတစ်ဝန်း မဟုတ်တောင် မိုးစပါးစိုက်ပျိုးမြေ တစ်ဝက်လောက် ရေဆင်းနယ်မြေကဲ့သို့ နွေစပါးစိုက်ပျိုးနိုင်လျှင် အပူဒဏ်အတော်သက်သာမည်ဟု အတွေးရောက်ရ သည်။

## စိုက်ပျိုးနိုင်သည့် မြေဧကပေါင်း ၃၄ သန်းကျော်

မြန်မာနိုင်ငံသည် မြေပေါ်မြေအောက်၊ ရေပေါ် ရေအောက် သယံဇာတပေါကြွယ်ဝပြီး စိုက်နိုင်ပျိုးနိုင် သော မြေသယံဇာတများပေါများသည့် စိုက်ပျိုးရေး နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နိုင်ငံတစ်ဝန်းစိုက်ပျိုးနိုင် သည့်မြေဧကပေါင်း ၃၄ သန်းကျော်ရှိပြီး ကောင်းမွန် မျှတသော ရေမြေသဘာဝရာသီဥတုရှိသည်။ မြန်မာ့ ရေမြေသဘာဝ၊ ရာသီဥတုကောင်းမွန်မှုနှင့်ပတ်သက် ပြီး အင်္ဂလိပ်လူမျိုး ဂျီ၊ အီး ဟာဗေးက **"မြန်မာနိုင်ငံ၏ ရာသီဥတုမှာ နေ့လယ်နေ့ခင်းဘက်တွင် အလွန် အမင်းပူပြင်းလှသည်ဖြစ်၍ နေ့လယ်တွင် မည်သူမျှ အလုပ်မလုပ်နိုင်ကြောင်း၊ ၎င်းပြင် မြန်မာပြည်၏ မြေဩဇာမှာ အဘယ်မျှကောင်းနေသနည်းဟူမူ မြေကြီးကိုထယ်ဖြင့် ကလိလိုက်ရုံမျှဖြင့် မြေကြီးမှာ အသီးအနှံဖြင့် ပွင့်ပေါက်ပြုံးရယ်လျက်ရှိနေရကား မြန်မာလူမျိုးတို့မှာ ကြိုးစားလုပ်ကိုင်နေရန် မလို တော့ကြောင်း"** မှတ်ချက်ပေးထားသည်ကို ဖတ်ရ ဖူးသည်။

အမှန်တကယ် ဂျီ၊ အီး ဟာဗေး ပြောချင်သည့် အဓိပ္ပာယ်မှာ မြန်မာနိုင်ငံသည် ရေခံမြေခံကောင်းပြီး မြေဆီမြေဩဇာနှင့် ပြည့်စုံသော စိုက်ပျိုးမြေများရှိ သော်လည်း မြန်မာလူမျိုးတို့သည် ကြိုးစားလုပ်ကိုင် မှုအားနည်းခြင်း၊ ရောင့်ရဲတတ်ခြင်း၊ ပျင်းရိခြင်းတို့ ကြောင့် ဆင်းရဲတွင်းနက်နေရခြင်းဖြစ်ကြောင်း ပြောလိုရင်းဖြစ်ပေမည်။ မှန်ပါသည်၊ မိမိတို့လူမျိုး သည် ရှိတာလေးနှင့် ရောင့်ရဲတင်းတိမ်တတ်ကြသည်။ လောဘမကြီးတတ်၊ စေတနာကောင်းကြသည် စသည်ဖြင့် ဂုဏ်ယူနေတတ်ကြသည်။ ထို့အတူ ပင် မြန်မာ့ရေမြေတောတောင်များတွင်ရှိသော သယံဇာတများ၊ အဖိုးမဖြတ်နိုင်သည့် တွင်းထွက် ရတနာများ၊ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် မြေဆီ မြေဩဇာကြွယ်ဝသော သဘာဝအနေအထားများ၏ မျက်နှာသာပေးမှုကို တစ်သက်တာပဒေသာပင်များ ထင်မှတ်ကာ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေခဲ့ ကြသည်။

## လယ်လုပ်မည့်သူ ရှားပါးသောပြဿနာ

**မိမိတို့နိုင်ငံရှိ တောင်သူလယ်သမားအများစု သည် စိုက်ကွက်ငယ်များကို အများစုပိုင်ဆိုင်ကြပြီး မိရိုးဖလာစိုက်နည်းစနစ်များကိုသာ ခေါင်းမဦးချ လုပ်ကိုင်နေကြသည်။ ဝမ်းစာပိုလျှံပြီး အလျှုံအတန်း လုပ်နိုင်လျှင် ကျေနပ်နေသော လူမျိုးများဖြစ်သည်။ ထိုကဲ့သို့သော လောဘနည်းသော(တစ်နည်း) ရောင့်ရဲတင်းတိမ်နိုင်သော စိတ်ဓာတ်များကို ပြင်ဖို့ လိုပါမည်။ ကြားသိရသလောက်ဆိုလျှင် နိုင်ငံတစ်ဝန်း တောင်သူလယ်သမားများ၏ သားသမီးများသည် ဆွေစဉ်မျိုးဆက် ဆင်းရဲတွင်းနက်သည့် လယ်သမား ဘဝကို စိတ်ကုန်၊ နာကြည်းပြီး မိဘလက်ငုတ် လက်ရင်း လယ်သမားဘဝကို စွန့်လွှတ်ကာ ပြည်ပ တွင် မျိုးစုံသောအလုပ်များ လုပ်ကိုင်ရန် ထွက်ခွာ သွားကြ၊ ထွက်ခွာနေကြ၊ ထွက်ခွာရန် ကြိုးစားနေကြ သည်ကို ဝမ်းနည်းဖွယ်မြင်တွေ့ရသည်။ ကျေးရွာ များတွင် လယ်လုပ်မည့်သူ ရှားပါးသောပြဿနာကို အများစု ရင်ဆိုင်နေရသည်ဟုဆိုသည်။**

တောင်သူဦးကြီးများအနေဖြင့် မိမိတို့ သားသမီးများကို အိုးပိုင်၊ အိမ်ပိုင်၊ လယ်ပိုင်နှင့် ခံ့ခံ့ထည်ထည်နေနိုင်အောင် မိမိတို့တွင်ရှိသည့် အခြေအနေကို ခွဲခြမ်းစိတ်ဖြာအမွေခွဲပေးသည့် စနစ် အစား ရှိရင်းလယ်ယာကိုင်းကျွန်းများကို တစ်ကွင်း တစ်စပ်တည်း ဖော်ထုတ်၊ သားသမီးများကို စုပေါင်း ဆောင်ရွက်စေခြင်းဖြင့် ရလာသော အကျိုးအမြတ် ဝေတူဝေမျှခွဲဝေယူခြင်းဖြင့် စည်းလုံးညီညွတ်မှု စိတ်ဓာတ်၊ ပေါင်းစည်းမှု၏ စွမ်းအားများကို ဖော်ထုတ်ကြရပေမည်။ စက်မှုလယ်ယာစနစ် ကူးပြောင်းဖော်ဆောင်နိုင်ပါက ရှိသမျှလယ်မြေများ မှာ စပါးသီးနှံများဖြင့် ဝေဆာနေသည်ကို မြင်တွေ့ရ မည်ဟု ယုံကြည်မိပါသည်။

## အမျိုးသားရေးရည်မှန်းချက် နှစ်ရပ်

ယနေ့နိုင်ငံတော်ကို တာဝန်ယူအုပ်ချုပ်နေ သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမျိုး သားရေးရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို စီမံကိန်းများချမှတ်ဆောင်ရွက်လျက်ရှိသည်။

တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ပေါများရေးအတွက် အဓိကလိုအပ်ချက်မှာ ပြည်တွင်း၌ ထုတ်ကုန်များ ပြည့်ဝစွာဖြင့်ထုတ်လုပ် နိုင်ရေးပင်ဖြစ်သည့်အတွက် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ဒေသအသီးသီး၌ ပြည့်စုံ လုံလောက်စွာထုတ်လုပ်နိုင်ရန် လိုအပ်သည်။ မြန်မာ နိုင်ငံသည် ဆန်၊ စပါး အဓိကထုတ်လုပ်သော နိုင်ငံ တစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် မိုးစပါး စိုက်ဧက၁၅ သန်းရှိသော်လည်း နွေစပါးစိုက်ဧက သုံးသန်းသာရှိကြောင်း သိရသည်။ တစ်ဧကပျမ်းမျှ အထွက်အနေဖြင့် မိုးစပါး ၇၅ တင်းနှင့် နွေစပါး တင်း ၉၀ ထွက်ရှိကြောင်း မှတ်တမ်းများအရ သိရ သည်။

၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်းက ပြုလုပ်သော အစည်းအဝေးတစ်ခုတွင် နိုင်ငံတော်ဝန်ကြီးချုပ်က **"စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ မိုးစပါး စိုက်ဧက ၁၅ သန်းနှင့် နွေစပါးစိုက်ဧက သုံးသန်းခန့် ရှိကြောင်း၊ စိုက်ဧက ၁၇ သန်းရှိသော်လည်း နွေစပါး၊ မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုသည် ရည်မှန်းချက် မပြည့်မီသေးကြောင်း၊ စိုက်ဧက၊ ပြည်ပပို့သည့် ဆန်နှင့် လက်ကျန်ရှိသည့်ဆန်ကို ရာသီအလိုက် ချိန်ဆ ရာတွင် အလျှံပယ်ပိုခြင်းမရှိသည်ကို တွေ့ရ ကြောင်း၊ သတိထားရမည့် အခြေအနေမျိုးရှိ ကြောင်း၊ မိုးစပါးကို တစ်ဧက ၇၅ တင်းခန့်ထွက်မည် ဟု ခန့်မှန်းထားကြောင်း၊ ပထမအဆင့်အနေဖြင့် မိုးစပါးကို တစ်ဧက ပျမ်းမျှတင်း ၈၀ ခန့်ထွက်ရှိ အောင်ဆောင်ရွက်မည်ဆိုပါက စပါးတင်း ၇၅ သန်း ခန့် ပိုမိုထွက်ရှိလာမည်ဖြစ်ကြောင်း၊ အလားတူ နွေစပါးကို တစ်ဧကတင်း ၉၀ ခန့်ထွက်ရှိမည်ဟု ခန့်မှန်းထားပြီး**

*စာမျက်နှာ ၁၁ သို့*



ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေစပါးစိုက်ပျိုးနေသော တောင်သူများ။

❖ **မိမိတို့နိုင်ငံရှိ တောင်သူလယ်သမားအများစုသည် စိုက်ကွက်ငယ်များကို အများစု ပိုင်ဆိုင် ကြပြီး မိရိုးဖလာစိုက်နည်းစနစ်များကိုသာ ခေါင်းမဦးချ လုပ်ကိုင်နေကြသည်။ ဝမ်းစာပိုလျှံပြီး အလျှုံအတန်း လုပ်နိုင်လျှင် ကျေနပ်နေသော လူမျိုးများဖြစ်သည်။ ထိုကဲ့သို့သော လောဘ နည်းသော(တစ်နည်း)ရောင့်ရဲတင်းတိမ်နိုင်သော စိတ်ဓာတ်များကို ပြင်ဖို့လိုပါမည်။ ကြားသိရသလောက်ဆိုလျှင် နိုင်ငံတစ်ဝန်း တောင်သူလယ်သမားများ၏ သားသမီးများ သည် ဆွေစဉ်မျိုးဆက် ဆင်းရဲတွင်းနက်သည့် လယ်သမားဘဝကို စိတ်ကုန်၊ နာကြည်းပြီး မိဘလက်ငုတ် လက်ရင်း လယ်သမားဘဝကို စွန့်လွှတ်ကာ ပြည်ပတွင် မျိုးစုံသောအလုပ်များ လုပ်ကိုင်ရန် ထွက်ခွာသွားကြ၊ ထွက်ခွာနေကြ၊ ထွက်ခွာရန် ကြိုးစားနေကြသည်ကို ဝမ်းနည်းဖွယ်မြင်တွေ့ရသည်။ ကျေးရွာများတွင် လယ်လုပ်မည့်သူ ရှားပါးသောပြဿနာကို အများစု ရင်ဆိုင်နေရသည်ဟုဆိုသည်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
  (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## မိုင်းယောင်းမြို့နယ်၌ အရန်တပ်ဖွဲ့ဝင်ဆင့်ခေါ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း

**မိုင်းယောင်း မေ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်း၊ အရန်တပ်ဖွဲ့ဝင် ဆင့်ခေါ်ရေးနှင့် စာရင်းကောက်ယူရေးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၇ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးဇော်မင်းဆွေက အမှာစကားပြောကြားပြီး ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းဇော်က ပြည်သူ့စစ်မှုထမ်း၊ အရန်တပ်ဖွဲ့ဝင်ဆင့်ခေါ်ရေးနှင့် စာရင်းကောက်ယူရေးအဖွဲ့တို့၏ လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးဇော်မင်းဆွေက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။



အစည်းအဝေးသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးဇော်မင်းဆွေ၊ ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းမင်းဇော်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု စာရေးများ တက်ရောက်ကြသည်။

မြို့နယ်(ပြန်/ဆက်)

## ယာယီတိုက်ပွဲရှောင်အိမ်ထောင်စုများအား ထောက်ပံ့

**ငဖဲ မေ ၂၈**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်အတွင်း ရခိုင်ပြည်နယ် အမ်းမြို့နယ်မှ ယာယီတိုက်ပွဲရှောင်ရောက်ရှိလာသည့် အိမ်ထောင်စုဝင်များ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် အခြေခံစားသောက်ကုန် များကို မေ ၂၇ ရက်က ပဒါန်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ထောက်ပံ့ပေးအပ်သည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးနှင့် အဖွဲ့ဝင်များက ငဖဲမြို့နယ် ပဒါန်းကျေးရွာအတွင်း ယာယီပြောင်းရွှေ့နေထိုင်လာသည့် ရခိုင်ပြည်နယ် အမ်းမြို့နယ်မှ အိမ်ထောင်စုဝင်ပြည်သူတစ်ဦးလျှင် ဆန် ခြောက်ပြည်နှင့် ခေါက်ဆွဲခြောက် ငါးထုပ်နှုန်း၊ အိမ်ထောင်စု တစ်စုလျှင် ဆီ ၁ ပိဿာ၊ ဆား ၁ ပိဿာနှင့် ကုလားပဲ ၁ ပိဿာနှုန်းဖြင့် ယာယီတိုက်ပွဲရှောင်အိမ်ထောင်စု ၃၈ စု၊ လူဦးရေ ၁၃၈ ဦးတို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်ညီညာ**

*စာမျက်နှာ ၁၀ မှ*

**ပထမအဆင့် တစ်ဧကေ ၉၅ တင်းခန့် ထွက်ရှိအောင် ဆောင်ရွက်မည်ဆိုပါက စပါးတင်း ၁၅ သန်းခန့်ပိုမို ထွက်ရှိလာမည်ဖြစ်ကြောင်း၊ နွေစပါး၊ မိုးစပါး နှစ်ခု ပေါင်းပါက စပါးတင်းစုစုပေါင်း သန်း ၉၀ ခန့် ပိုမို လာမည်ဖြစ်သည့်အတွက် နိုင်ငံ့ဝင်ငွေ ပိုမိုရရှိလာ မည်ဖြစ်ကြောင်း၊ ထိုသို့ ရည်မှန်းချက်ပန်းတိုင်များ ချမှတ်ပြီး အသေအချာဆောင်ရွက်သွားကြရန်လို ကြောင်း၊ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများ နှင့် အထွက်နှုန်းကို မှန်မှန်ကန်ကန်ဖြစ်အောင် အလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း”** လမ်းညွှန်မှာကြားထားသည်။

ထို့အတူ နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထူထောင် ကာ စိုက်ပျိုးရေးလုပ်ငန်းများမြှင့်တင်ရန်အတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစတင်ကာ ကျပ်ဘီလီယံ ပေါင်း ၃၃၀ ကို ထုတ်ချေးပေးထားသည်။

အထက်ပါ လမ်းညွှန်မှာကြားချက်များနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မည်ကဲ့သို့အကောင်အထည်ဖော်ဆောင်ရွက်နေကြ သည်ကို အသေးစိတ်မသိရသော်လည်း ဧရာဝတီတိုင်း ဒေသကြီးတွင် ၂၀၂၃-၂၀၂၄ မိုးစပါးရာသီတွင် ၂၀၂၂-၂၀၂၃ မိုးစပါးရာသီကထက် တစ်ဧကေ ပျမ်းမျှ ၉ ဒသမ ၃၅ တင်းနှုန်း ပိုမိုထွက်ရှိအောင်ဆောင်ရွက်နိုင်ခဲ့ ကြောင်း အင်တာဗျူးတစ်ခုတွင် ဖတ်လိုက်ရသည်။

**ဆန်စပါးသည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် အသက်သွေးကြောသဖွယ်ဖြစ်သည်။ နိုင်ငံ့ လူဦးရေသည် တစ်နေ့တခြားတိုးပွားလာပြီး စိုက်ပျိုးမြေများမှာမူ မြို့ပြဖွံ့ဖြိုးမှုများကြောင့်တစ်စ**

> **“ ဆန်စပါးသည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်သွေးကြောသဖွယ်ဖြစ်သည်။ နိုင်ငံ့လူဦးရေသည် တစ်နေ့တခြားတိုးပွားလာပြီး စိုက်ပျိုးမြေများမှာမူ မြို့ပြဖွံ့ဖြိုးမှုများကြောင့် တစ်စတစ်စလျော့ပါးလာသည်။ တိုးပွားလာသည့် လူဦးရေအတွက် စားရေရိက္ခာလုံလောက်မှုရှိစေရန် ဆန်စပါးထုတ်လုပ်မှုကဏ္ဍကို မိရိုးဖလာနည်းစနစ်များအတိုင်း ဆောင်ရွက်နေ၍မဖြစ်တော့ပေ။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက၊ တောင်သူများပူးပေါင်း၍ ဆန်စပါးအထွက်တိုးရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ စက်မှုလယ်ယာစနစ်သို့ပီပီပြင်ပြင် ကူးပြောင်းရမည်။ တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားဖြစ် အောင်လုပ်ရမည်။ အထွက်တိုးအောင်လုပ်ရမည်။ ခေတ်မီနည်းပညာများ အသုံးပြုရမည်။ သို့မှသာ ပြည်တွင်းစားသုံးမှုဖူလုံပြီးပိုလျှံသည်များကို ပြည်ပသို့တင်ပို့၍ နိုင်ငံခြားဝင်ငွေရရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည် ”**

**တစ်စလျော့ပါးလာသည်။ တိုးပွားလာသည့် လူဦးရေအတွက် စားရေရိက္ခာလုံလောက်မှုရှိစေရန် ဆန်စပါးထုတ်လုပ်မှုကဏ္ဍကို မိရိုးဖလာနည်း စနစ်များအတိုင်း ဆောင်ရွက်နေ၍ မဖြစ်တော့ပေ။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက၊ တောင်သူများပူးပေါင်း၍ ဆန်စပါးအထွက် တိုးရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ စက်မှုလယ်ယာစနစ်သို့ပီပီပြင်ပြင် ကူးပြောင်းရမည်။ တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားဖြစ် အောင်လုပ်ရမည်။ အထွက်တိုးအောင်လုပ်ရမည်။ ခေတ်မီနည်းပညာများ အသုံးပြုရမည်။ သို့မှသာ ပြည်တွင်းစားသုံးမှုဖူလုံပြီးပိုလျှံသည်များကို ပြည်ပ သို့တင်ပို့၍ နိုင်ငံခြားဝင်ငွေရရှိအောင် ဆောင်ရွက် နိုင်မည်ဖြစ်သည်။**

နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် မိမိတို့နိုင်ငံ တွင် ရေခံမြေခံကောင်းများနှင့် လူသားအရင်းအမြစ် များရှိပြီးဖြစ်သည်။ သို့သော်လည်း စီးပွားရေးအရ ပိတ်ဆို့ခြင်း၊ ကုန်သွယ်ရေးလမ်းကြောင်းများကို ပိတ်ဆို့ခြင်းနှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြား အောင်ဆောင်ရွက်၍ ကုန်စည်စီးဆင်းမှုများ နှောင့်နှေးပိတ်ဆို့အောင် ဆောင်ရွက်နေခြင်းတို့ ကြောင့် အခက်အခဲအချို့ ဖြစ်ပေါ်လျက်ရှိသည်။ ထိုအခက်အခဲများကို ကျော်လွှားနိုင်ရန် ကဏ္ဍ အသီးသီးတွင် ပါဝင်နေသူများက မိမိတို့၏ လုပ်ငန်း တာဝန်များကို မခိုမကပ် အားသွန်ခွန်စိုက် အားထည့် ကြိုးပမ်းကြရန် လိုအပ်သည်။

### မျိုး၊ ရေ၊ မြေ၊ နည်းပညာ

အထူးအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ ရေ၊ မြေ၊ နည်းပညာဟူသည့် အချက်လေးချက်သည် အရေးကြီးသဖြင့် စနစ်တကျ အသုံးချတတ်ရန် လိုအပ်သည်။ နိုင်ငံတော်အပိုင်း ကလည်း မျိုးကောင်းမျိုးသန့်ရရှိရေး၊ ရေဖူလုံမှုရှိစေ ရေးနှင့် နည်းပညာများကူညီပံ့ပိုးပေးလျက်ရှိသည့် အပြင် ဒေသတွင်းနိုင်ငံများ၏ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို မျက်ခြည်မပြတ်စောင့်ကြည့်၍ မြန်မာနိုင်ငံနှင့် သင့်တော်သည့် ဥပဒေ၊ မူဝါဒများချမှတ်ကာ ထိန်းကျောင်းဆောင်ရွက်ခြင်း၊ ပြည်တွင်း ပြည်ပသို့ တင်ပို့ရောင်းချသည်အထိ ပါဝင်နေသူများဖြင့် **Supply Chain Mechanism** တစ်ရပ်ထူထောင်ပေး ခြင်း၊ မြန်မာ့ဆန်စပါး စံချိန်စံညွှန်းသတ်မှတ်ချက် များ ဆောင်ရွက်ပေးခြင်းနှင့် မြန်မာ့ခေတ်မီဆန်စက် များ တိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်ပေးခြင်း၊ ကန်ထရိုက်လယ်ယာစနစ် ထူထောင်ပေးခြင်း၊ မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ များ ရေးဆွဲထားရှိခြင်းများ ဆောင်ရွက်ပေးနေသည့် အတွက် တောင်သူများအနေဖြင့် ကျွဲကူးရေပါဆို သည့်အတိုင်း မိမိတို့အကျိုးစီးပွားနှင့် နိုင်ငံတော် စားရေရိက္ခာဖူလုံရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးကို ဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ခန့်အပ်



**အစ္စလာမ္မာဘတ် မေ ၂၈**

ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး အက်စ်ဟက်ဒါကို ဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ခန့်အပ်ကြောင်း မေ ၂၈ ရက်တွင် ပါကစ္စတန်အစိုးရအဖွဲ့ရုံး၏ အကြောင်းကြားစာတွင် ဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံ၌ ယခုနှစ်အစောပိုင်းက အစိုးရအသစ်ဖွဲ့စည်းပြီးနောက် ၎င်းသည် ပါကစ္စတန်၏ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၇၃ နှစ်အရွယ်ရှိ နိုင်ငံရေးသမားဟက်ဒါသည် အထက်လွှတ်တော် သို့မဟုတ် နိုင်ငံပါလီမန်၏ အထက်လွှတ်တော်အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး Pakistan Muslim League–Nawaz (PML–N) ပါတီ၏ အရေးပါသူ တစ်ဦးလည်းဖြစ်ကြောင်း သိရသည်။ ၎င်းသည် ယခင်က ပါကစ္စတန်နိုင်ငံ၏ ဘဏ္ဍာရေးဝန်ကြီးအဖြစ်လည်း အကြိမ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# ဂါဇာ၌ ပါလက်စတိုင်း သေဆုံးသူ ၃၆၀၅၀ ဦးအထိ တိုးလာ၊ အပစ်အခတ်ရပ်စဲရန် ဟားမားစ်၏တုံ့ပြန်မှုကို အစ္စရေးက စောင့်မျှော်နေ

**ဂါဇာ မေ ၂၈**

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းသေဆုံးသူပေါင်း ၃၆၀၅၀ ဦးအထိတိုးလာကြောင်း ဟားမားစ်ကျန်းမာရေးဝန်ကြီးဌာနက မေ ၂၈ ရက်တွင် ပြောကြားသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေးတပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၆၆ ဦး သေဆုံးပြီး ၁၃၈ ဦးမှာ ဒဏ်ရာရရှိကြောင်း၊ ထို့ကြောင့် အစ္စရေး – ဟားမားစ် ပဋိပက္ခစတင်ဖြစ်ပွားသည့်အချိန်မှစကာ ပါလက်စတိုင်း စုစုပေါင်းသေဆုံးသူ ၃၆၀၅၀ ဦးနှင့် ဒဏ်ရာရရှိသူပေါင်း ၈၁၄၀၀ ဦး ရှိလာပြီဖြစ်ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ပြောကြားသည်။ နယ်မြေအတွင်း အပစ်အခတ်ရပ်စဲရေးအဆိုပြုချက်အတွက် ဟားမားစ်ခေါင်းဆောင် ယာ့ယာစင်ဝါ၏ တုံ့ပြန်မှုကို အစ္စရေးက စောင့်မျှော်လျက်ရှိကြောင်း အစ္စရေးနိုင်ငံပိုင် ကန်အသံလွှင့်ဌာနက မေ ၂၈ ရက်တွင် ထုတ်ပြန်ထားသည်။

ဆင်ဟွာ



# နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ ဝက်သက်ရောဂါ သံသယရှိသူ ကလေး ၁၉ ဦး သေဆုံး

**အဘူဂျာ မေ ၂၈**

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း အဒါမာဝါပြည်နယ်၌ ဝက်သက်ရောဂါဖြစ်ပွားသည်ဟု သံသယရှိသူ ကလေး ၁၉ ဦးထက်မနည်း သေဆုံးကြောင်း ဒေသတွင်းအာဏာပိုင်များက မေ ၂၇ ရက်တွင် ပြောကြားသည်။

မူဘီမြောက်ပိုင်းဒေသ အစိုးရနယ်မြေ၌ ဝက်သက်ရောဂါ ကူးစက်ဖြစ်ပွားသည်ဟု သံသယရှိသူ ကလေး ၂၀၀ ကျော်ရှိကြောင်း အဒါမာဝါ ကျန်းမာရေးကော်မရှင်အဖွဲ့ဝင် ဖီလစ်တန်ဝါမီက မေ ၂၇ ရက်တွင် ပြောကြားသည်။

တရားဝင်ထုတ်ပြန်ချက်များအရ သေဆုံးသူ ၁၉ ဦးမှာ ဝက်သက်ရောဂါ ဖြစ်ပွားခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများကြောင့်ဖြစ်ကြောင်း တန်ဝါမီက ပြောကြားသည်။

ရောဂါဖြစ်ပွားမှုပြင်းထန်သည့် ကလေးများကို အထူးကုဆေးရုံများသို့ လွှဲပြောင်းပေးမည်ဖြစ်ပြီး ၎င်းတို့၏ကလေးများအား ကာကွယ်ဆေးထိုးရန် ငြင်းဆိုသည့်မိဘများကိုလည်း အပြစ်တင်မိကြောင်း ၎င်းက ပြောကြားသည်။ ဝက်သက်ရောဂါသည် ငါးနှစ်အောက်ကလေးများတွင် အဖြစ်များသည့် ဗိုင်းရပ်စ်ရောဂါတစ်ခုဖြစ်သော်လည်း ကာကွယ်ဆေးများမှတစ်ဆင့် အလွယ်တကူရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ကြောင်း၊ အဆိုပါရောဂါသည် ချောင်းဆိုးခြင်း သို့မဟုတ် နှာချေခြင်းမှ ထွက်ပေါ်လာသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ အမှုန်များက လေမှတစ်ဆင့် ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# ဆိုမာလီယာတွင် သုံးလတာအတွင်း လူပေါင်း ၈၈၀၀၀ နေရပ်စွန့်ခွာထွက်ပြေးရသည်ဟု ကုလအေဂျင်စီပြောကြား

**မိုဂါဒစ်ရှူး မေ ၂၈**

ဆိုမာလီယာနိုင်ငံတွင် ၂၀၂၄ ခုနှစ် ပထမ သုံးလတာကာလအတွင်း ပြည်တွင်း၌ပင် နေရပ်စွန့်ခွာထွက်ပြေးရသူပေါင်း ၈၈၀၀၀ ခန့်ရှိသည်ဟု ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက မေ ၂၈ ရက်တွင် ပြောသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ဖြစ်ပွားခဲ့သည့် ရေကြီးမှု၊ အခြေအနေမတည်ငြိမ်မှုများနှင့် ပဋိပက္ခများကြောင့် ယခုကဲ့သို့ နေရပ်စွန့်ခွာထွက်ပြေးရမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ဟု ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ပြောသည်။

နိုင်ငံအတွင်း လုံခြုံရေးအခြေအနေများမှာ ဆက်လက် ဆိုးရွားနေဆဲဖြစ်သည်ဟု ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီကပြောသည်။

ဆယ်စုနှစ် များစွာကြာ ပဋိပက္ခများနှင့် မလုံခြုံမှုများ၊ နိုင်ငံရေးတင်းမာမှုများ၊ ရာသီဥတုပြောင်းလဲမှုများကြောင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ပို၍ဖြစ်ပေါ်စေသည်ဟု ကုလသမဂ္ဂ အေဂျင်စီက ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများသည် ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် လျော့ကျသွားသော်လည်း ဆိုမာလီယာတွင် ရာသီဥတုအကျပ်အတည်းမှာ ဆက်လက်ရှိနေဆဲဖြစ်သည်။ ရေကြီးမှုနှင့် မိုးခေါင်မှုများကြောင့် ဆိုမာလီအများအပြားကို နေရပ်စွန့်ခွာရန် ဖိအားများဖြစ်ပေါ်ခဲ့သည်ဟု ကုလအေဂျင်စီက ပြောသည်။

ဆင်ဟွာ



ဆိုမာလီယာနိုင်ငံရှိ အက်ဖ်ဂိုရီ ဒုက္ခသည်စခန်းတွင် ရောက်ရှိနေကြသူများကို တွေ့ရစဉ်။

# အင်ဒိုနီးရှားနိုင်ငံတွင် အီဘူမီးတောင် ပေါက်ကွဲမှုဖြစ်ပွား

**ဂျကာတာ မေ ၂၈**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း ပြည်နယ် မြောက်မာလူကူ ပြည်နယ် ဟယ်မာဟီရာကျွန်းပေါ်ရှိ အီဘူမီးတောင်သည် မေ ၂၈ ရက် အစောပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း နိုင်ငံ၏ မီးတောင်နှင့် ဘူမိဗေဒဆိုင်ရာ အန္တရာယ်လျော့ပါးရေး ဗဟိုဌာနက ပြောသည်။

အဆိုပါမီးတောင်သည် ဒေသစံတော်ချိန် နံနက် ၀၀.၃၇ နာရီတွင် ၂၆၀ စက္ကန့်ခန့် ပေါက်ကွဲခဲ့ပြီး တောင်ထွတ်အထက် မီတာ ၃၅၀၀ အထိ ပြာများလွင့်စဉ်သွားခဲ့ကြောင်း မီးတောင်နှင့်ဘူမိဗေဒဆိုင်ရာ အန္တရာယ်လျော့ပါးရေး ဗဟိုဌာနက သတင်းထုတ်ပြန်ခဲ့သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၁၃၂၅ မီတာတွင်ရှိသည့် အဆိုပါမီးတောင်မှာ ဒုတိယအဆင့် အန္တရာယ်အကြီးဆုံး မီးတောင်ဟု သတ်မှတ်ထားသည်။

မီးတောင်ဝမှ ၃ ဒသမ ၅ ကီလိုမီတာအတွင်း အများပြည်သူများ သွားလာလှုပ်ရှားခြင်း မပြုကြရန် ပြည်သူများကို တောင်းဆိုထားသည်။ ပစိဖိတ်မီးကွင်းပေါ်တွင် တည်ရှိသည့် အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် မီးတောင်အများဆုံးရှိသည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည်။

ဆင်ဟွာ



# ဂါဇာ၌ ပြင်းထန်သည့်အပူလှိုင်းကြောင့် ကလေးနှစ်ဦးထက်မနည်းသေဆုံး

**ဂါဇာ မေ ၂၈**

ဂါဇာကမ်းမြောင်ဒေသ ဆိုးရွားသည့်အခြေအနေအောက်တွင် နေထိုင်နေရသည့် ပြည်သူနှစ်သန်းကျော်မှာ ပြင်းထန်သည့် အပူလှိုင်းနှင့် ရင်ဆိုင်နေရသည်။ ပြင်းထန်သည့်အပူလှိုင်းဒဏ်ကြောင့် ကလေးငယ်များအပါအဝင် လူအချို့သေဆုံးမှုဖြစ်ပေါ်ခဲ့ရသည်။ အပူဒဏ်ကြောင့် ကလေးနှစ်ဦးထက်မနည်းသေဆုံးခဲ့သည်ဟု UNRWA ကော်မရှင်နာချုပ် ဖိလစ်ပီလာဇာရီနီက မေ ၂၆ ရက်တွင် ပြောကြားသည်။

ဂါဇာပြည်သူများမှာ သေဆုံးမှု၊ ဝေဒနာခံစားရမှု၊ ရောဂါဘယထူပြောမှု၊ နေရပ်ရွှေ့ပြောင်းနေထိုင်ရမှု၊ ပူပြင်းသည့်အပူဒဏ်အောက်တွင် မှန်လုံအိမ်ကဲ့သို့ အဆောက်အအုံများ၌ နေထိုင်ရမှုများအပါအဝင် ဆိုးရွားသည့်အခြေအနေအောက်တွင်ရောက်ရှိနေသည်ဟု ၎င်းက ဆက်လက်ပြောသည်။ လာဇာရီနီက အပစ်အခတ်ရပ်စဲရေးအတွက် ထပ်လောင်းတောင်းဆိုခဲ့ပြီး ယခုကဲ့သို့ဆိုးရွားသည့်အခြေအနေများကို ဆက်လက်တောင့်ခံရန် မလွယ်ကူတော့ဟု ၎င်းကပြောကြားသည်။

အင်န်အိတ်ချ်ကေ

# ကိုရီးယားနိုင်ငံ၏ လူဦးရေကျဆင်းလာသည့်အတွက် နိုင်ငံခြားသားအလုပ်သမားများလိုအပ်ချက် မြင့်မားလာ

## ထွန်းကျော်

တောင်ကိုရီးယားနိုင်ငံ၏ ကလေးမွေးဖွားနှုန်းသည် လွန်ခဲ့သောနှစ်က ၀ ဒသမ ၇၂ ပမာဏသာရှိခဲ့ပြီး ကလေးမွေးဖွားနှုန်း အနိမ့်ဆုံးအဖြစ် မှတ်တမ်းတင်ခဲ့သည်။ ကလေးမွေးဖွားနှုန်း ရှစ်နှစ်ဆက်တိုက် ကျဆင်းခဲ့ခြင်းဖြစ်ပြီး OECD နိုင်ငံများကြားတွင် ကလေးမွေးဖွားမှုနှုန်း အနိမ့်ဆုံးဖြစ်ခဲ့သည်။ အကယ်၍ ကလေးမွေးဖွားနှုန်းသည် ၀ ဒသမ ၆ နှင့် ၀ ဒသမ ၈ ကြား၌သာရှိမည်ဆိုပါက လာမည့် ရာစုဝက်အတွင်း ကိုရီးယားနိုင်ငံ၏ လူဦးရေသည် ၄၀ ရာခိုင်နှုန်းကျော် ကျဆင်းနိုင်ကြောင်း ကိုရီးယားနိုင်ငံအမျိုးသားညီလာခံဘတ်ဂျက်မူဝါဒစာရင်းများအရ သိရသည်။

### တားဆီးနိုင်ခြင်းမရှိ

ကလေးမွေးဖွားနှုန်းကျဆင်းခြင်းကို ဖြေရှင်းပေးမည့် ဥပဒေတစ်ခုကို ၂၀၀၅ ခုနှစ်က ထုတ်ပြန်လိုက်ပြီးနောက် တောင်ကိုရီးယားနိုင်ငံသည် အခမဲ့ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး၊ ကလေးစရိတ်နှင့် ကလေးမွေးဖွားမှုစရိတ်ခံစားခွင့်ကဲ့သို့သော အစီအစဉ်များအတွက် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော် ရင်းနှီးမြှုပ်နှံခဲ့သည်။ သို့သော်လည်း ကလေးမွေးဖွားနှုန်းကျဆင်းလာခြင်းကို တားဆီးဟန့်တားနိုင်ခြင်း မရှိခဲ့ပေ။

လွန်ခဲ့သော ဒီဇင်ဘာလက တရားရေးဝန်ကြီး ဟန်ဒေါင်ဟွန်းက လူဝင်မှုကြီးကြပ်ရေးမူဝါဒသစ်တစ်ခုကို အတည်ပြုမလား၊ မပြုဘူးလားဆိုသည်နှင့် ပတ်သက်ပြီး စိုးရိမ်ရမည့် အခြေအနေရောက်ရှိလာပြီဖြစ်ကြောင်း၊ အကယ်၍ မပြုဘူးဆိုပါက လူဦးရေကျဆင်းခြင်းကြောင့် အမျိုးသားလူဦးရေနည်းပါးမှု ပြဿနာနှင့် ကြုံတွေ့ရလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

### လက်ထပ်ရမှာ ကြောက်လာ

နိုင်ငံ၏ပြိုင်ဆိုင်မှုပြင်းထန်သော ပညာရေးစနစ်နှင့် တခြားအတားအဆီးများဖြစ်သော အိမ်ခြံမြေဈေးနှုန်းမြင့်တက်လာခြင်းကဲ့သို့သော အကြောင်းအချက်များကြောင့် လူငယ်များကြား လက်ထပ်ခြင်း လျော့နည်းလာပြီး မိသားစုဘဝပုံဖော်မှုမှာ မရှိသလောက်နည်းပါးလာခဲ့သည်။

### နိုင်ငံခြားသားအလုပ်သမားများကို စတင်လက်ခံ

ထို့ကြောင့် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်ကတည်းက တောင်ကိုရီးယားနိုင်ငံသည် နိုင်ငံခြားသားများကို အလုပ်သမားများအဖြစ် လက်ခံသည့် စနစ်တစ်ခုကို စတင်ခဲ့ရသည်။ နိုင်ငံခြားသား အလုပ်သမားအရေအတွက်သည် အဓိကအားဖြင့် စက်မှုလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ရေးလုပ်ငန်းများတွင် သိသိသာသာ မြင့်တက်လာခဲ့သည်။ အဆိုပါ ကဏ္ဍနှစ်ခုတွင် လုပ်သားပြတ်လပ်မှုများလည်း များပြားလာခဲ့သည်။




တောင်ကိုရီးယားနိုင်ငံမှ ပြည်ပအလုပ်သမားများအား နှစ်သိမ့်အကြံပေးမှုများ လုပ်ဆောင်ပေးသည့် အသင်းတစ်ခု။

ဆိုးလ်တောင်ဘက်ရှိ အနောက်ဘက်ကမ်းရိုးတန်းမြို့တစ်ခုဖြစ်သော အန်ဆန်သည် နိုင်ငံခြားသားအလုပ်သမားအရေအတွက် အများဆုံး မြို့တစ်မြို့ဖြစ်ပြီး နိုင်ငံခြားသားအလုပ်သမားလူဦးရေ ၁၃ ရာခိုင်နှုန်းခန့် ရှိသည်။

ယခုအခါ နိုင်ငံခြားသားအလုပ်သမားများသည် အန်ဆန်လူမှုအသိုင်းအဝိုင်း၏ မရှိမဖြစ် အစိတ်အပိုင်းတစ်ခုဖြစ်လာခဲ့ပြီး ဒေသတွင်း အဓိကစားသုံးသူများဖြစ်လာခဲ့သည်။ ထို့အတူ မြို့တော်၏စီးပွားရေးအတွက်လည်း အရေးပါလာခဲ့ပြီဖြစ်သည်။

### နိုင်ငံခြားသားအလုပ်သမားများလေ ကောင်းလေ

တောင်ကိုရီးယားနိုင်ငံ၏ လူဦးရေသည် ကျဆင်းလာပြီဖြစ်ကြောင်းနှင့် မိမိတို့သည် နုပျိုတက်ကြွမှုတွေ ပို၍လိုအပ်လာပြီဖြစ်ကြောင်း ဒေသခံ ကုန်စုံဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။ အရှေ့တောင်အာရှနှင့် တခြားဒေသများမှ နိုင်ငံခြားသားအလုပ်သမားများ တောင်ကိုရီးယားနိုင်ငံသို့ ပိုမိုလာရောက်လေလေ ဒေသတွင်းစီးပွားရေးအတွက် ပိုကောင်းလေလေဖြစ်သည်။

အန်ဆန်မြို့သည် နိုင်ငံခြားသားများအတွက် နှစ်သိမ့်အကြံပေးခြင်းများကို ထောက်ပံ့လုပ်ဆောင်ပေးသည့်နေရာတွင် ရှေ့ဆောင်လမ်းပြသဖွယ်ဖြစ်ခဲ့သည်။ နိုင်ငံခြားတွင် မွေးဖွားသည့် အကြံပေးပုဂ္ဂိုလ်များသည် အလုပ်နှင့် နေ့စဉ်ဘဝများအတွက် ဘာသာစကား ၁၅ မျိုးဖြင့် နှစ်သိမ့်အကြံပေးဆွေးနွေးပေးလျက်ရှိသည်။ ၎င်းတို့သည် နိုင်ငံခြားသားအလုပ်သမားများကို အစိုးရအလုပ်များနှင့် ချိတ်ဆက်ပေးလျက်ရှိသည်။

### လိုအပ်သော ကူညီမှုများကို ကူညီပေးလျက်ရှိ

ကမ္ဘောဒီးယားနိုင်ငံမှ အကြံပေးတစ်ဦးက လုပ်ခလစာပေးချေမှုနှောင့်နှေးခြင်းနှင့် ပတ်သက်ပြီး အကြံပေးခဲ့ကြောင်း၊ နိုင်ငံခြားသားအလုပ်သမားများ ရင်ဆိုင်နေရသည့် မည်သည့်ပြဿနာဖြစ်ဖြစ် မိမိတို့ နားလည်နိုင်ရန် ကြိုးစားရကြောင်းနှင့် လိုအပ်သော ကူညီမှုများကို ဖြည့်ဆည်းလုပ်ဆောင်ပေးရကြောင်း ပြောသည်။

အဆိုပါမြို့တွင် အခမဲ့ ကိုရီးယားဘာသာစကားသင်တန်းများလည်း ရှိသည်။ တချို့သင်တန်းများမှာ စနေ၊ တနင်္ဂနွေတန်းများကို ကမ်းလှမ်းပေးထားသည်။

အလုပ်သမားများသည် အလုပ်နှင့်ပတ်သက်သည့် အကြံဉာဏ်ရရှိရန် တခြားဒေသများသို့လည်း သွားရောက်နိုင်ကြောင်း မြို့တော်အရာရှိတစ်ဦးက ပြောသည်။ အမျိုးသားအဆင့် အကူအညီပေးရေးစနစ်တစ်ခု လိုအပ်လာပြီဖြစ်ကြောင်း ၎င်းကပြောသည်။

### နိုင်ငံခြားသားအလုပ်သမားတည်ရှိလာမှုကို ကြိုဆို

အကယ်၍ နိုင်ငံခြားသားအလုပ်သမားများအတွက် ဗဟိုစနစ်တစ်ခု ဖန်တီးပေးနိုင်မည်ဆိုပါက ဒေသအစိုးရများအနေဖြင့် နိုင်ငံခြားသားအလုပ်သမားများကို ပိုမိုကောင်းမွန်ပြီး စနစ်ကျသည့် ကူညီမှုမျိုး ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

နိုင်ငံခြားသားအလုပ်သမားများပို၍ လိုအပ်လာသည့်အတွက် ၎င်းတို့၏ တည်ရှိမှုကိုလည်း ကြိုဆိုလာကြပြီဖြစ်သည်။ သို့သော်လည်း တချို့ ဒေသခံများမှာ နိုင်ငံခြားသားအလုပ်သမားများ ပိုမိုဝင်ရောက်လာသည့်အပေါ် တုန်လှုပ်ချောက်ချားလာကြသည်။ တချို့မှာ ပြင်းပြင်းထန်ထန် ကန့်ကွက်လာခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံခြားသားအလုပ်သမားများအတွက် ဘာသာရေးအဆောက်အအုံများ တည်ဆောက်မည့်အစီအစဉ်က ဒေသခံများ၏ နေ့စဉ်လူနေမှုဘဝကို ဆိုးရွားစွာ သက်ရောက်စေနိုင်သည့်အတွက်ဖြစ်သည်။

မည်သို့ပင်ဆိုစေ ကိုရီးယားနိုင်ငံသည် လူဦးရေကျဆင်းလာနေသည့်အတွက် နောက်ထပ်နိုင်ငံခြားသားအလုပ်သမားများ ပို၍ ပို၍ လိုအပ်လာဦးမည်ဖြစ်သည့်အတွက် နိုင်ငံခြားအလုပ်သမားများအတွက် ပိုမိုကောင်းမွန်သည့် စည်းမျဉ်းစည်းကမ်းများနှင့် နှစ်သိမ့်အကြံပေးဆွေးနွေးမှုများ လည်းပို၍လိုအပ်လာဦးမည်ဖြစ်သည်။ ။

**ကိုးကား - အင်န်အိတ်ချ်ကေ**

- အန်ဆန်မြို့သည် နိုင်ငံခြားသားများအတွက် နှစ်သိမ့်အကြံပေးခြင်းများကို ထောက်ပံ့လုပ်ဆောင်ပေးသည့်နေရာတွင် ရှေ့ဆောင်လမ်းပြသဖွယ်ဖြစ်ခဲ့သည်။ နိုင်ငံခြားတွင် မွေးဖွားသည့် အကြံပေးပုဂ္ဂိုလ်များသည် အလုပ်နှင့် နေ့စဉ်ဘဝများအတွက် ဘာသာစကား ၁၅ မျိုးဖြင့် နှစ်သိမ့်အကြံပေးဆွေးနွေးပေးလျက်ရှိသည်။ ၎င်းတို့သည် နိုင်ငံခြားသားအလုပ်သမားများကို အစိုးရအလုပ်များနှင့် ချိတ်ဆက်ပေးလျက်ရှိ
- နိုင်ငံခြားသားအလုပ်သမားများအတွက် ဗဟိုစနစ်တစ်ခု ဖန်တီးပေးနိုင်မည်ဆိုပါက ဒေသအစိုးရများအနေဖြင့် နိုင်ငံခြားသား အလုပ်သမားများကို ပိုမိုကောင်းမွန်ပြီး စနစ်ကျသည့် ကူညီမှုမျိုး ပိုမို လုပ်ဆောင်နိုင်မည်ဖြစ်၊ အရှေ့တောင်အာရှနှင့် တခြားဒေသများမှ နိုင်ငံခြားသားအလုပ်သမားများ တောင်ကိုရီးယားနိုင်ငံသို့ ပိုမိုလာရောက်လေလေ ဒေသတွင်းစီးပွားရေးအတွက် ပိုကောင်းလေလေဖြစ်

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ သုံးဘီးမော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၈**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ကြွေပန်းကန်ပြား ၁၃၁၀၄ ချပ် အပါအဝင် ကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၇၇၈၀၀၀) နှင့် လိုင်စင်မဲ့ Toyota Passo မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) ကို လည်းကောင်း၊ မုံရွာမြို့ မြို့ရှောင်လမ်း၊ တောင်ပုလုလမ်းဆုံအနီး၌ လိုင်စင်မဲ့ Lifan သုံးဘီးမော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀) ကို လည်းကောင်း၊ စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်ကွက် ဆင်များရှင်ဘုရားဝင်းကျောက်စိမ်းဂိုဒေါင် အနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Yifulin မိန်းကလေးစီးဖိနပ် အရန် ၈၀ အပါအဝင် ကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၅၂၉၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၀၃၀၉၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧပြီ ၂၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၃၅ ဒသမ ၉၁၆ တန်၊ သစ်မာ ၁၀ ဒသမ ၂၃၁ တန်နှင့် အခြားသစ် ၂ ဒသမ ၃၆၃ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂၄၂၅၆၇၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၄၅၆၅၇၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဧပြီ ၂၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဧပြီ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Hein Win Zaw” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာနေ ဟိန်းဝင်းဇော်အား နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဝမ်းတွင်းမြို့နယ် ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဧပြီလ၏ အမြင့်ဆုံးအပူချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ် တင်သည့် ရက်စွဲ | အမြင့်ဆုံးအပူချိန် စံချိန်သစ် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် စံချိန်သစ် ဒီဂရီဖာရင်ဟိုက် | ယခင်စံချိန် ကျိုးခဲ့သည့် ရက်စွဲ | အမြင့်ဆုံးအပူချိန် စံချိန်ဟောင်း ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် စံချိန်ဟောင်း ဒီဂရီဖာရင်ဟိုက် | စခန်းဖွင့်သည့် နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁။ | အောင်လံ | ၂၇-၄-၂၀၂၄ | ၄၅.၃ | ၁၁၃.၅ | ၂၈-၄-၂၀၁၆ | ၄၄.၇ | ၁၁၂.၅ | ၄၀ |

## နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၏ ၂၈-၄-၂၀၂၄ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | နေပြည်တော် | ၄၁.၂ | ၁၀၆.၂ |
| ၂။ | ရန်ကုန် | ၄၀.၀ | ၁၀၄.၀ |
| ၃။ | မန္တလေး | ၄၄.၈ | ၁၁၂.၆ |

# သတင်းကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေး ငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတု ခိုလှုံနိုင်ပါကြောင်းကို (၂၆-၄-၂၀၂၄) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၂၄ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သပြုချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေစနစ် ထူထောင်ပေး

ဇာနည် (ကျေးလက်)

**ကျေးရွာ၏ အိမ်ရှေ့မျက်နှာစာ ကွက်လပ်တွင် ပုံဖော်ထားသည့် ကွန်ကရစ်တုံးများကို စီရရီ စုပုံထားသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသော်လည်း အပိုဝင်ငွေရလုပ်ငန်းအဖြစ် ဆောက်လုပ်ရေးလုပ်ငန်းသုံး ကွန်ကရစ်တုံးထုတ်လုပ်ရောင်းချသည့် လုပ်ငန်းကို ရေဖြူမြို့ မင်းဒပ်ကျေးရွာနေပြည်သူများသည် တိုးချဲ့လုပ်ကိုင်လာကြသည်။**

“စိုက်ပျိုးရေး၊ မွေးမြူရေးဆိုတာက ကျေးရွာအစုအဖွဲ့တိုင်း ဆောင်ရွက်တဲ့ အသက်မွေးတဲ့လုပ်ငန်းပါ။ ဒီလုပ်ငန်းတွေအပြင် ရွာရဲ့လူမှုစီးပွားတိုးတက်ဖို့ အပိုဝင်ငွေရ လုပ်ငန်းအဖြစ် ကွန်ကရစ်တုံး ထုတ်လုပ်ရောင်းချကြတယ်။ ဒီလို အပိုဝင်ငွေရလုပ်ငန်းလုပ်နိုင်ဖို့ဆိုတာ ငွေကြေးအရင်းအနှီးက အရေးကြီးပါတယ်။ ဒီအရင်းအနှီးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အထောက်အပံ့ပေးပါတယ်” ဟု မင်းဒပ်ကျေးရွာနေ ကွန်ကရစ်လုပ်ငန်းဆောင်ရွက်သည့်အဖွဲ့မှ ထုတ်လုပ်ရေးတာဝန်ခံတစ်ဦးမှ ပြောသည်။



ငပုတောမြို့နယ် မကျည်းပင်ကျေးရွာ နေလှန်းဆားထုတ်လုပ်ခြင်းလုပ်ငန်း။

မင်းဒပ်ကျေးရွာနေ ပြည်သူများ ဝင်ငွေရလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းက အထောက်အပံ့ပြုလျက်ရှိသည်။

### နိုင်ငံဖွံ့ဖြိုးမှုအတွက် အခြေခံ

ကျေးရွာများသည် နိုင်ငံဖွံ့ဖြိုးမှုအတွက် အခြေခံအကျဆုံး အစုအဖွဲ့ဖြစ်သည်။ ထို့ကြောင့် ကျေးရွာတစ်ရွာချင်းမှ အစပြု၍ နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးမှုရရှိစေရန် ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၃၀၀ မတည်ပေးသည့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းသည် ကျေးလက်နေပြည်သူများအတွက် ဖွံ့ဖြိုးမှုအားတစ်ရပ်ဖြစ်ခဲ့လေသည်။

“ကျွန်တော်တို့ ဦးစီးဌာနဟာ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ စတင်ခဲ့ပါတယ်။ စတင်ဆောင်ရွက်ခဲ့တဲ့နှစ်ကနေ ပြီးခဲ့တဲ့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ၁၅ ခုက မြို့နယ် ၇၇ မြို့နယ်၊ ကျေးရွာ ၉၁ ရွာ၊ ကျေးရွာယူနစ် ၈၈ ယူနစ်ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ပြီးခဲ့တဲ့ ယူနစ်တွေက အိမ်ထောင်စု ၁၉၆၀ ရှိလူဦးရေ ၇၈၄၀ ကို အကျိုးပြုနိုင်ခဲ့ပါတယ်” ဟု ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်မင်းက ပြောကြားသည်။

ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဖော်ဆောင်လျက်ရှိသည့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းသည် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို များစွာအထောက်အကူပြုလျက်ရှိသည့်အတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နေပြည်တော် အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး ၁၄ ခုရှိ ကျေးရွာ ၆၀ တွင် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

“ကျေးရွာဆိုတာ အခြေခံလူတန်းစား ပြည်သူတွေ နေထိုင်တယ်။ ဒီပြည်သူတွေ လုပ်ချင်တဲ့လုပ်ငန်းကို ကျေးရွာပြည်သူ ကိုယ်တိုင်ရွေးချယ်လုပ်ကိုင်ခွင့်ရတယ်။ ကျေးရွာတွေကို အခြေခံထားပြီး ဖွံ့ဖြိုးစေတဲ့ ရန်ပုံငွေဖြစ်လို့ ကျွန်တော်တို့ကျေးရွာမှာ ရရှိဖို့ အခုသက်မွေးအဖွဲ့တွေ ဖွဲ့ပြီးပါပြီ။ အခုဘဏ္ဍာနှစ်မှာ ကျွန်တော်တို့ရွာပါအောင် ဆောင်ရွက်နေပါတယ် ” ဟု ထားဝယ်မြို့နယ် ဇဟာကျေးရွာမှ ကျေးရွာလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်တစ်ဦးက ပြောပြသည်။

### စိစစ်အတည်ပြု

ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်လိုသည့် ကျေးရွာများသည် အနည်းဆုံး အိမ်ထောင်စုငါးစုမှ အများဆုံးအိမ်ထောင်စု ၁၅ စုအထိ ပါဝင်သော စိတ်တူကိုယ်တူ သက်မွေးအဖွဲ့များ (သို့မဟုတ်) သမဝါယမအစုအဖွဲ့ပုံစံကို ဦးစွာဖွဲ့စည်းရမည်ဖြစ်သည်။ ထိုသို့ ဖွဲ့စည်းထားသည့် သက်မွေးအဖွဲ့များမှ တင်ပြလာသော အဆိုပြုလွှာများကို မြို့နယ်လုပ်ငန်းအဖွဲ့မှ စိစစ်၍ ရမှတ် ၇၀ နှင့်အထက်ရရှိသော အဆိုပြုလွှာများကို ဦးစီးဌာန(ရုံးချုပ်)မှ စိစစ်အတည်ပြုပေးသွားမည်ဖြစ်သည်။

ထိုသို့ စိစစ်အတည်ပြုပြီး ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေရရှိသည့် ကျေးရွာများသည် မြို့နယ်လုပ်ငန်းအဖွဲ့နှင့် ကျေးရွာလုပ်ငန်းအဖွဲ့တို့အကြား ရန်ပုံငွေလွှဲပြောင်းခြင်း သဘောတူစာချုပ်ကို ဦးစွာချုပ်ဆိုရမည်။ ထိုသို့ သဘောတူစာချုပ်ချုပ်ဆိုပြီးပါက စာရင်းရှင်ဖွင့်လှစ်ခြင်းနှင့် ရန်ပုံငွေလွှဲပြောင်းခြင်းလုပ်ငန်းစဉ်အတွက် မြို့နယ်လုပ်ငန်းအဖွဲ့တွင် မြို့နယ်ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ စာရင်းရှင်တစ်ခုနှင့် ကျေးရွာလုပ်ငန်းအဖွဲ့တွင် ကျေးရွာကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေ စာရင်းရှင်တစ်ခု ဖွင့်လှစ်ရမည်ဖြစ်သည်။

### နည်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိ

ကျေးရွာလုပ်ငန်းအဖွဲ့သည် သက်မွေးအဖွဲ့များ၏ အဆိုပြုလွှာတွင် ပါဝင်သော ပထမအရစ် ၈၀ ရာခိုင်နှုန်းနှင့် ဒုတိယအရစ် ၂၀ ရာခိုင်နှုန်း ထုတ်ယူမည့်ကာလ ဖော်ပြချက်အတိုင်း ငွေသား (သို့မဟုတ်) ချက်လက်မှတ် (သို့မဟုတ်) Digital Payment ဖြင့် ထုတ်ပေးသွားမည်ဖြစ်သည်။ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစဉ်အတွက် လိုအပ်သော နည်းပညာသင်တန်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ရရှိသည့် ကျေးရွာများမှ အသက်မွေးဝမ်းကျောင်းအဖွဲ့များ အနေဖြင့် စီမံကိန်းမှ ထောက်ပံ့ငွေအတွက် ငွေတစ်ရာကျပ်အတွက် တစ်လလျှင် ပြား ၅၀ အတိုးနှုန်းသတ်မှတ်၍ စီမံကိန်း စက်ဝန်းတစ်ခုပြီးတိုင်း အတိုးနှင့်အရင်းအား ကျေးရွာကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေစာရင်းရှင်သို့ ပြန်လည်ပေးသွင်းရမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သို့ရာတွင် ကျွဲ၊ နွား၊ နွားနောက်မွေးမြူခြင်း၊ ကော်ဖီ၊ ရော်ဘာ၊ ဝဥ ကဲ့သို့သော နှစ်ရှည်သီးနှံစိုက်ပျိုးခြင်းစသည့် နှစ်ရှည်လုပ်ငန်းဖြစ်ပါက တစ်နှစ်လျှင်တစ်ကြိမ် ကျသင့်ငွေ အတိုးသာ ပြန်လည်ပေးသွင်းရမည်ဖြစ်သည်။

“သက်မွေးအဖွဲ့က ပြန်လည်ပေးသွင်းတဲ့ အတိုးနဲ့ အရင်းငွေတွေကို ကျေးရွာဘဏ်စာရင်းရှင်ကို ပြန်ထည့်ရတယ်။ ပြီးတော့ အရင်းကို ပြန်ချေးတဲ့ပုံစံတဲ့ လည်ပတ်ပါတယ်။ အတိုးရငွေကို ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ဒါကြောင့် စီမံကိန်းကနေ ရရှိတဲ့ အတိုးရငွေကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းမှာပဲ သုံးစွဲရပါမယ်” ဟု ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ရှင်းပြသည်။

### အရင်းမပျောက်စနစ်

အရင်းမပျောက်စနစ်ဖြင့် ကျေးရွာဖွံ့ဖြိုးမှုကို ဆောင်ရွက်သော လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ သတ်မှတ်ထားသည့် သက်တမ်း သုံးနှစ်ပြည့်ပြီးသည့် အချိန်တွင် မူလမတည်ငွေကို အခြားသက်မွေးအဖွဲ့ (သို့မဟုတ်) အခြားကျေးရွာ (သို့မဟုတ်) အခြားမြို့နယ်သို့ ပြောင်းရွှေ့ ဆောင်ရွက်နိုင်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖော်ဆောင်ပြီးခဲ့သည့် ကျေးရွာ ယူနစ် (၈၈) ယူနစ်မှ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း ၇၂ ဖွဲ့၊ မွေးမြူရေးလုပ်ငန်း ၂၃၃ ဖွဲ့နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်း ၃၄ ဖွဲ့ စုစုပေါင်း အသက်မွေးဝမ်းကျောင်းအစုအဖွဲ့ ၃၃၉ ဖွဲ့မှကဏ္ဍအလိုက် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ရွေးချယ်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆောင်ရွက်နိုင်သည်။ အကယ်၍ လုပ်ငန်းများကို အစုအဖွဲ့အလိုက် စိုက်ပျိုးမွေးမြူခြင်းတွင် ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပါက ဆုံးရှုံးသွားသည့် ကောင်ရေ/ သီးနှံတို့အတိုင်း အစုအဖွဲ့မှ စုပေါင်းကျခံပြန်လည်ထည့်သွင်းရမည်ဖြစ်သည်။

ထို့အတူ လုပ်ငန်းများကို အိမ်ထောင်စု တစ်ခုချင်းအလိုက် တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပါက ဆုံးရှုံးသွားသည့် ကောင်ရေ/ သီးနှံတို့အတိုင်း ကာယကံရှင်မှ ကျခံပြန်လည်ထည့်သွင်းရမည်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖွဲ့များ၏ အုပ်ချုပ်မှု အသေးသုံးစရိတ်အား ထည့်ဝင်ငွေ ၂၅ ရာခိုင်နှုန်းမှ အသုံးပြုရမည်ဖြစ်သည်။ သို့သော် အုပ်ချုပ်မှု အသုံးစရိတ်သည် တစ်နှစ်လျှင် စုစုပေါင်း လုပ်ငန်းတန်ဖိုး၏ ၂ ရာခိုင်နှုန်းထက် မပိုရပေ။

*စာမျက်နှာ ၁၇ သို့*

- **ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ စတင်ခဲ့ပါတယ်။ စတင်ဆောင်ရွက်ခဲ့တဲ့နှစ်ကနေ ပြီးခဲ့တဲ့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ၁၅ ခုက မြို့နယ် ၇၇ မြို့နယ်၊ ကျေးရွာ ၉၁ ရွာ၊ ကျေးရွာ ယူနစ် ၈၈ ယူနစ်ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ပြီးခဲ့တဲ့ ယူနစ်တွေက အိမ်ထောင်စု ၁၉၆၀ ရှိလူဦးရေ ၇၈၄၀ ကို အကျိုးပြုနိုင်ခဲ့**
- **ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းသည် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို များစွာအထောက်အကူပြုလျက်ရှိသည့်အတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နေပြည်တော်အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး ၁၄ ခုရှိ ကျေးရွာ ၆၀ တွင် တိုးချဲ့ဆောင်ရွက်သွားမည်**



ဟိုပုံးမြို့နယ် ကျောက်တန်းကျေးရွာ ဥစားကြက်မွေးမြူရေးလုပ်ငန်း။

## လှိုင်သာယာမြို့နယ်မှ ပန်းခြံတည်ဆောက်မှုလုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ဘုရင့်နောင်တံတား နှစ်စင်းအကြား ပန်းခြံတည်ဆောက်နေမှုနှင့် အမှတ်(၇) ရပ်ကွက်၌ ဘုရင့်နောင်ပန်းခြံ တိုးချဲ့တည်ဆောက်နေမှု လုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက မေ ၂၆ ရက်တွင် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် အမှတ် (၄) ရပ်ကွက် ဘုရင့်နောင်တံတား နှစ်စင်းအောက်သို့ သွားရောက်၍ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက ပန်းခြံတည်ဆောက်ပြီး ယိုးဒယားဘဲစားမြက်၊ စင်ကာပူချယ်ရီပင်များ၊ ဘွန်ဇိုင်းပင်များ၊ ရောင်စုံစက္ကူပန်းပင်များ၊ ပေါ်လိုနီးယားပင်များ စိုက်ပျိုးထားရှိမှု၊ လျှပ်စစ်မီးရရှိရေးနှင့် ယာဉ်ရပ်နားကွင်း ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်-ပုသိမ်လမ်းဘေး ဘုရင့်နောင်ပန်းခြံရှေ့ရှိ ရေမြောင်းကို ရေစီးရေလာကောင်းမွန်စေရေး အတွက် အရှည် ၅၈၇ ပေ၊ အကျယ် ရှစ်ပေ၊ အနက်ငါးပေအုတ်ရေမြောင်းအဖြစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**



ဆက်လက်၍ ၁၀ ပေ ပတ်လည် ဆိုင်ခန်းပေါင်း ၃၀၀ နှင့် ပျော်ပွဲရွှင်ပွဲဆောင်ရွက်ရန် နေရာအတွက် မြေပြုပြင်နေမှုနှင့် ရေဂါလန်နှစ်သိန်းဆံ့ ရေကန်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ယာယီရှင်းလင်းဆောင်တွင် အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဌာနမှူး ဦးတင်မောင်ကြည်က ရေးဆွဲထားသော အများပြည်သူဆိုင်ရာ ဘုရင့်နောင်ပန်းခြံ ဒီဇိုင်းနှင့်စုဝေးခန်းမ တည်ဆောက်မည့် ဒီဇိုင်းတို့ကို ရှင်းလင်းတင်ပြ၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ ဝင်းအတွင်း လယ်မြေရှိ ၄၃ ကေ၌ မျိုးစေ့ချကိရိယာ(Seeder)ဖြင့် စိုက်ပျိုးထားရှိသည့် နွေစပါး (ဆင်းသုခ) ရိတ်သိမ်းခြင်း၊ ချိန်တွယ်ခြင်းများကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

**ဆန်းကျော်ဦး**
**(ပြန်/ဆက်)**



## ဒဂုံဆိပ်ကမ်းမြို့နယ်၌ ဥပ္ပါတသန္တိ ကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲကျင်းပ

**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ ဥပ္ပါတသန္တိကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို (၉၃)ရပ်ကွက်ရှိ အောင်သုခပရိယတ္တိစာသင်တိုက် ဓမ္မဝိစရ ဗိမာန်တော်ကြီး၌ မေ ၂၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သာသနာ့နုဂ္ဂဟဥက္ကဋ္ဌ ဦးအေးပိုင်နှင့် အဖွဲ့ဝင်များက မြတ်စွာဘုရားအား ဆွမ်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်ပြီး ဒေ့ပရိသတ်များက ဘုရားကန်တော့ကာ အခမ်းအနားကို စတင်ဖွင့်လှစ်သည်။ ထို့နောက် ဒေ့ပရိသတ်များက မြို့နယ်သံဃနာယကဥက္ကဋ္ဌ အောင်သုခဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် အဖွဲ့ဝင်များက ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ရဟန်းသံဃာတော်အဖွဲ့ ငါးဖွဲ့က ဥပ္ပါတသန္တိကျမ်းမြတ်ကို အလှည့်ကျရွတ်ဖတ်ပူဇော်ကြပြီး အဆိုပါ ဥပ္ပါတသန္တိသုတ်တော် ရွတ်ဖတ်ပူဇော်ပွဲကို မေ ၂၉ ရက်အထိ သုံးရက်တိုင်ကျင်းပ ရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။ (၀၂၅)

## အင်းစိန်မြို့နယ်၌ မူးယစ်ဆေးဝါးဆိုင်ရာ နည်းဥပဒေပြင်ဆင်ချက်များအကြောင်း ဆွေးနွေးဟောပြော

**ရန်ကုန် မေ ၂၈**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (အင်းစိန်)တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများအကြောင်း ဆွေးနွေးဟောပြောပွဲကို မေ ၂၅ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းနှင့် မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်တို့က မေးမြန်းဆွေးနွေးသူများအဖြစ် ဆောင်ရွက်ပြီး မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ၊ စာရေးဆရာ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က ဖြေကြားသူအဖြစ် ဆောင်ရွက်ကာ ၂၀၂၃ ခုနှစ်က ထုတ်ပြန်ထားသည့် မူးယစ်ဆေးဝါးဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများအကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်တိုက်ဖျက်ရေး ဆောင်ရွက်ချက်များအကြောင်းကို ဆွေးနွေးဟောပြောခဲ့သည်။

အဆိုပါဆွေးနွေးဟောပြောချက်များကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)၏ ပြည်သူ့အသံအွန်လိုင်းမှ တစ်ဆင့်လည်း ပြည်သူများ ကြည့်ရှုနားထောင်နိုင်ရန် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

ထိုသို့လည်ပတ်နေသည့် ရန်ပုံငွေကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးရွာလုပ်ငန်းအဖွဲ့၊ မြို့နယ်လုပ်ငန်းအဖွဲ့တို့နှင့် ပူးပေါင်း၍ လုပ်ငန်းစဉ်အဆင့်တိုင်းတွင် စောင့်ကြည့်ကြီးကြပ်ပေးလျက်ရှိသည်။ သက်မွေးအဖွဲ့များကလည်း လစဉ်လုပ်ငန်းတိုးတက်မှု အစီရင်ခံစာကို ပြုစုတင်ပြရန် လိုအပ်သည်။ စီမံကိန်းစက်ဝန်းတစ်ခု ဆောင်ရွက်ပြီးစီးပါက သက်မွေးအဖွဲ့များသည် ရက်ပေါင်း ၃၀ အတွင်း လုပ်ငန်းပြီးစီးမှု အစီရင်ခံစာနှင့် အရောင်း/အဝယ်/ အရှုံး/အမြတ်စာရင်းကို ကျေးရွာလုပ်ငန်းအဖွဲ့ထံ (မိတ္တူ) နှင့် မြို့နယ်လုပ်ငန်းအဖွဲ့ထံ (မူရင်း) တင်ပြရမည်ဖြစ်သည်။ မြို့နယ်လုပ်ငန်းအဖွဲ့သည် ယင်းအစီရင်ခံစာကို စိစစ်၍ ပြည်နယ်/တိုင်းဒေသကြီး ကျေးလက်ဦးစီးဌာနမှတစ်ဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ထံ တင်ပြရမည်ဖြစ်သည်။

ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ စီမံကိန်းနှစ်နှစ်တာကာလအတွင်း အသက်မွေးဝမ်းကျောင်းပုံစံ(၁)ဖြင့် ဆောင်ရွက်သည့် အစုအဖွဲ့ ၁၈၃ ဖွဲ့၊ ပုံစံ(၂)ဖြင့် ဆောင်ရွက်သည့် အစုအဖွဲ့ ၁၅၆ ဖွဲ့ စုစုပေါင်း ၃၃၉ ဖွဲ့ဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အစုအဖွဲ့စနစ်ဖြင့် လုပ်ငန်းများ လည်ပတ်ဆောင်ရွက်ရာတွင် အသက်မွေးဝမ်းကျောင်း အစုအဖွဲ့ ၃၃၉ ဖွဲ့အနက် စီမံကိန်းပထမစက်ဝန်းလည်ပတ်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့ ၂၀၃ ဖွဲ့၊ ဒုတိယစက်ဝန်းလည်ပတ်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့ ၈၂ ဖွဲ့၊ တတိယစက်ဝန်းလည်ပတ်နေသည့်အသက်မွေးဝမ်းကျောင်းအဖွဲ့ ၄၁ ဖွဲ့၊ စတုတ္ထစက်ဝန်းလည်ပတ်နေသည့် အသက်မွေးဝမ်းကျောင်း အဖွဲ့ ၁၀ ဖွဲ့၊ ပဉ္စမစက်ဝန်းလည်ပတ်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့ သုံးဖွဲ့ တည်ရှိသည်။

"ကျွန်တော်တို့ ကျေးရွာကတော့ ရန်ပုံငွေရရှိပြီး စီမံကိန်းစက်ဝန်းတစ်ခု လည်ပတ်ပြီးသွားပြီ။ စိုက်ပျိုးရေးအတွက် အသုံးပြုကြတာဖြစ်ပါတယ်။ အကျိုးအမြတ်ရတာကတော့ လက်တွေ့ပေါ့။ ကိုယ့်စီးပွားအတွက်ဆိုတော့ ပေးတဲ့ရန်ပုံငွေအပေါ်ကနေ အရှုံးမရှိ၊ အကျိုးအမြတ်ရှိအောင်တော့ အားစိုက်ရတာပေါ့။ အခုကတော့ လာမယ့် စီမံကိန်းစက်ဝန်းအတွက် ပြင်ဆင်နေပါပြီ" ဟု မိုးညှင်းမြို့နယ် နန့်လှိုင်ကျေးရွာမှ အဖွဲ့ဝင်တစ်ဦးက ဆိုသည်။

အသက်မွေးဝမ်းကျောင်းအစုအဖွဲ့ ၃၃၉ ဖွဲ့အနက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ၁၂၇ ဖွဲ့သည် ၎င်းတို့၏ ထုတ်ကုန်များရောင်းချခဲ့ပြီး အကျိုးအမြတ်အနေဖြင့် ငွေကျပ် (၁၁၅၈ ဒသမ ၃၁၅) သန်းရရှိခဲ့သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ အစုအဖွဲ့ ၁၃၆ ဖွဲ့သည်လည်း အကျိုးအမြတ်များစွာ ရရှိခဲ့သည်။

စိုက်ပျိုးရေး ၄၄ ဖွဲ့မှ ငွေကျပ် (၄၈၇ ဒသမ ၈၁၅) သန်း၊ မွေးမြူရေး ၇၄ ဖွဲ့မှ ငွေကျပ် (၃၂၃ ဒသမ ၅၀၅) သန်း၊ ကုန်ထုတ်လုပ်ငန်း ၁၈ ဖွဲ့မှ ငွေကျပ် (၅၀၃ ဒသမ ၄၁၀) သန်း စုစုပေါင်းငွေကျပ် (၁၃၁၄ ဒသမ ၇၃၀) သန်း ရရှိခဲ့ကြပြီး အသင်းသူ/အသင်းသားများအား ခွဲဝေပေးခဲ့ပြီးဖြစ်သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ အတိုးရငွေ ကျပ် (၅၅ ဒသမ ၅၀၈) သန်း ရရှိခဲ့ပြီး ယင်းအတိုးရငွေများအား ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တွင် သိမ်းဆည်းထားရှိသည်။

သို့ဖြစ်ရာ ကျေးလက်နေပြည်သူ လူမှုစီးပွားကို ကျေးလက်နေပြည်သူများကိုယ်တိုင် တိုက်ရိုက်ပါဝင် ဆောင်ရွက်စေသည့် လုပ်ငန်းစဉ်တစ်ခုလည်းဖြစ်သည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖော်ဆောင်လျက်ရှိသည့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းမှ ကျေးလက်နေ ပြည်သူများသည် ငွေကြေးအရင်းအနှီးများ ရရှိလာခြင်းကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လာနိုင်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ နည်းပညာများနှင့် ငွေကြေးစီမံခန့်ခွဲမှု နည်းပညာများရရှိလာခြင်းနှင့် မိသားစုဝင်ငွေ တိုးပွားလာခြင်း၊ အမျိုးသမီးများ၏ ပူးပေါင်းဆောင်ရွက်မှုမြင့်မားလာခြင်း၊ စွမ်းဆောင်ရည်မြင့်မားလာခြင်းနှင့် အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာခြင်း၊ အသင်းအဖွဲ့စိတ်ဓာတ် ဖွံ့ဖြိုးအားကောင်းလာခြင်း စသည့် အကျိုးကျေးဇူးများစွာကို ခံစားရရှိကာ ဖွံ့ဖြိုးမှုအရှိန်ကို ရရှိစေပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# ပြည်တွင်းပြည်ပသို့ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော မုံရွာမြို့မှ တန်းဖိုးမြင့် ရှားစောင်းလက်ပပ် လူသုံးကုန်လုပ်ငန်း

❏ တွေ့ဆုံမေးမြန်း - မြင့်နိုင်စိုး



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ MSMEs လုပ်ငန်းရှင်များအား ထောက်ပံ့အားပေး ကူညီလျက်ရှိရာ MSMEs လုပ်ငန်းများသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသောကဏ္ဍတစ်ခု ဖြစ်လာသကဲ့သို့ ဒေသတွင်း ထွက်ကုန်ပစ္စည်းများ အမျိုးမျိုးထုတ်လုပ်နိုင်လာသောကြောင့် ပြည်ပမှတင်သွင်းရသည့်သွင်းကုန်များ လျော့နည်းကာ ပြည်ပသို့တင်ပို့ရောင်းချရသည့်ပို့ကုန်များ ပိုမိုဖွံ့ဖြိုးလာသဖြင့် နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိလာစေပါသည်။**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌လည်း အညာဒေသထွက်ကုန်ကြမ်းများဖြင့် တန်ဖိုးမြှင့် လူသုံးကုန်၊ စားသောက်ကုန်များ ထုတ်လုပ်ခြင်းနှင့် တစ်ပိုင်တစ်နိုင် ကုန်ထုတ်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို တိုင်းဒေသကြီးအစိုးရအနေဖြင့် အားပေးလျက်ရှိပြီး လုပ်ငန်းရှင်များအား နည်းပညာနှင့်ငွေကြေးများ ရင်းနှီးထောက်ပံ့ပေးလျက်ရှိကာ တီထွင်ဆန်းသစ်မှုရှိသော အရည်အသွေးမြင့်ထုတ်ကုန်များကို ဈေးကွက်အတွင်း ယှဉ်ပြိုင် ထိုးဖောက်နိုင်မှုဖြင့် အလားအလာကောင်းများ ပေါ်ထွန်းလာစေရေး၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု အစီအစဉ်ဖြစ်မြောက်ရေးတို့ကိုလည်း အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းရှင် ၁၈၈၇ ဦးရှိပြီး ရင်းနှီးငွေကျပ် ၃၁၈၂ သန်းရှိကာ တစ်နှစ်ထုတ်လုပ်မှုကျပ်သန်းပေါင်း ၂၃၇၅၆ ဒသမ ၂၃၉ သန်းရှိကြောင်း တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။ အဆိုပါ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များထဲမှ ရှားစောင်းလက်ပပ်ဖြင့် တန်ဖိုးမြှင့်လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် မုံရွာမြို့ရှိ "အညာမြေ" ကုန်အမှတ်တံဆိပ် ရှားစောင်းလက်ပပ် လူသုံးကုန်ချက်ဆေးထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုများနှင့် ပတ်သက်၍ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး ။ ။** ပထမဦးစွာ အစ်မရဲ့အမည်၊ ကုန်အမှတ်တံဆိပ်နဲ့ ထုတ်ကုန်ပစ္စည်းများကိုမိတ်ဆက်ပြောကြားပေးပါဦး။

**ဖြေ ။ ။** ကျွန်မအမည်ကတော့ ဒေါ်သီတာဇင်ပါ။ အညာမြေကုန်အမှတ်တံဆိပ်နဲ့ အမျိုးသမီးတို့အားထားရာ ရှားစောင်းလက်ပပ်ချက်ဆေးနဲ့ သဘာဝအူလမ်းရှင်းယိုတို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါတယ်။

**မေး ။ ။** ဒီလုပ်ငန်းစတင်ပြီးလုပ်ဖြစ်ခဲ့ပုံကို ရှင်းပြပေးပါဦး။

**ဖြေ ။ ။** ဒီရှားစောင်းလက်ပပ်ချက်ဆေးလုပ်တာကတော့ ကျွန်မအမေက စခဲ့တာပါ။ အမေက ဒီချက်ဆေးကို ကိုယ်တိုင်စဖော်ခဲ့ပါတယ်။ ကိုယ်တိုင်သုံးခဲ့ပါတယ်။ အမေစလုပ်ခဲ့တဲ့လုပ်ငန်းကို ကျွန်မတို့က " အညာမြေ " ကုန်အမှတ်တံဆိပ်အမည်နဲ့ ၂၀၂၀ ခုနှစ် ဩဂုတ်လ ၁၄ ရက်မှာ မှတ်ပုံတင်ပြီး စတင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့ပါတယ်။

**မေး ။ ။** `အခုလို မြန်မာတိုင်းရင်းဆေးကို ထုတ်လုပ်ပြီးတော့ ဈေးကွက်ရရှိအောင် ဆောင်ရွက်ခဲ့တာနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါဦး။

**ဖြေ ။ ။** ကုန်အမှတ်တံဆိပ်အမည်နဲ့ စတင်ဖြန့်ဖြူးရောင်းချတဲ့နောက်ပိုင်းမှာတော့ ကျွန်မအနေနဲ့ အွန်လိုင်းကနေလည်း ကြော်ငြာတယ်။ လူမှုမီဒီယာတွေကနေပြီး ဆေးသုံးစွဲပုံ၊ ရောဂါပျောက်ကင်းတာတွေ၊ လက်လီလက်ကား ရောင်းချလိုသူတွေ စတာတွေနဲ့ ကြော်ငြာပါတယ်။ အရင်ကတည်းကလည်း သုံးစွဲသူရှိနေပြီးသားဖြစ်တာရယ်၊ ဆေးကိုကြိုက်နှစ်သက်ကြတာတွေရယ်ကြောင့် ပြည်တွင်းသာမကပါဘူး။ ပြည်ပနိုင်ငံတွေအထိ အခုဆို ထုတ်လုပ်ဖြန့်ဖြူးပေးနေရပါပြီ။

**မေး ။ ။** လက်ရှိ ထုတ်လုပ်ဖြန့်ဖြူးရောင်းချတဲ့ အခြေအနေကဘယ်လိုရှိပါသလဲ။

**ဖြေ ။ ။** ကျွန်မတို့အနေနဲ့ ဒီ အညာမြေ ကုန်အမှတ်တံဆိပ်အမည်နဲ့ ရှားစောင်းလက်ပပ်ချက်ဆေးကို လက်လီတစ်ဘူး ကျပ် ၈၅၀၀ နှုန်းနဲ့ ရောင်းချပေးပါတယ်။ လက်ကားဝယ်ယူရောင်းချလိုသူတွေ၊ လက်ကားမှာယူလိုသူတွေဆီကိုလည်း ပို့ပေးနေပါတယ်။ လက်ရှိမှာ ရောင်းကောင်းတဲ့လဆိုရင် တစ်လမှာ ဘူးရေတစ်သိန်းအထက်ရှိပါတယ်။ ရောင်းမကောင်းတဲ့လဆိုရင်တောင် ဘူးရေသုံးသောင်းအထက်ဝန်းကျင်တော့ ရောင်းရပါတယ်။ ပြည်တွင်းသာမက ပြည်ပအထိ တင်ပို့ရောင်းချလျက်ရှိပါတယ်။

**မေး ။ ။** ရှားစောင်းလက်ပပ်ချက်ဆေး စားသုံးခြင်းဖြင့် ရရှိတဲ့ အကျိုးကျေးဇူးတွေ၊ အာနိသင်တွေကိုလည်း ရှင်းပြပေးပါဦး။


**ဖြေ ။ ။** အမျိုးသမီးတွေ လစဉ်ဓမ္မတာလာတိုင်းမှာ နာကျင်တာကိုက်ခဲတာကို တော်တော်များများ ခံစားကြဖူးမှာပါ။ ရှားစောင်းလက်ပပ်ချက်ဆေးကို ပုံမှန် စားသုံးခြင်းဖြင့် ဒီဝေဒနာတွေကို သက်သာပျောက်ကင်းစေပါတယ်။ အမျိုးသမီးတိုင်းအတွက် မရှိမဖြစ် ဆောင်ထားသင့်တဲ့ မြန်မာဆေးစွမ်းကောင်းလေးပါ။ ဒါ့အပြင် အမျိုးသမီးတွေ သွေးဆုံးဖြစ်တဲ့အချိန်တွေမှာ ဖြစ်တတ်တဲ့ ရောဂါဝေဒနာတွေလည်း သက်သာပျောက်ကင်းစေပါတယ်။ အိမ်ထောင်သည်အမျိုးသမီးတွေဆို သားသမီးမရနိုင်သေးတဲ့ အချိန်အခါတွေမှာ သားအိမ်အားကောင်းစေလို့ သားသမီးရလွယ်ပါတယ်။

**မေး ။ ။** ရှားစောင်းလက်ပပ်ချက်ဆေးထုတ်လုပ်ဖို့ ကုန်ကြမ်းတွေကို ဘယ်လိုစုဆောင်းရရှိပါသလဲ။

**ဖြေ ။ ။** အဓိကကုန်ကြမ်းဖြစ်တဲ့ ရှားစောင်းလက်ပပ်ပင်ဆိုတာ ကျွန်မတို့အညာဒေသမှာ ဖြစ်ထွန်းပါတယ်။ ပြောရမယ်ဆို ကုန်ကြမ်းရရှိဖို့ သီးသန့်စိုက်ခင်းတွေရှိတယ်။ လိုအပ်လို့ ကုန်ကြမ်းမှာယူ ဝယ်ယူရတာလည်း ရှိပါတယ်။ ပါဝင်တဲ့ပစ္စည်းတွေကတော့ ရှားစောင်းလက်ပပ်၊ ထန်းဖိုဦးထန်းလျက်၊ နှမ်းနက်ဆီ၊ ကြက်သွန်ဖြူတစ်လုံးဥ၊ ဆားပုပ်ခဲ၊ စမုန်နက်၊ အုန်းသီး၊ စမုန်မျိုးငါးပါးနဲ့ မန်ကျည်သီးတို့ ပါဝင်ပါတယ်။



ရှားစောင်းလက်ပပ်ကုန်ကြမ်းများကို ဆေးကြောသန့်စင်နေစဉ်။



ရှားစောင်းလက်ပပ်များကိုချက်ဆေးအဖြစ် ကျိုချက်ထုတ်လုပ်နေစဉ်။




ဈေးကွက်သို့တင်ပို့ရောင်းချရန် ပါကင်ထုပ်ပြီးသော ချက်ဆေးဘူးများ။

**မေး ။ ။** ရှားစောင်းလက်ပပ်ချက်ဆေးကို နည်းပညာမြှင့်ပြီး ဒီထက်မက ပိုမိုထုတ်လုပ်ရောင်းချဖို့အစီအစဉ်တွေ ရှိရင်ပြောပြပါဦး။


**ဖြေ ။ ။** ဟုတ်ကဲ့ပါ။ ဒီအညာမြေ ရှားစောင်းလက်ပပ်ကို ပြည်တွင်းသာမကပါဘူး။ ပြည်ပနိုင်ငံတွေမှာအထိ အရောင်းကိုယ်စားလှယ်တွေက မှာယူရောင်းချနေပြီ ဖြစ်ပါတယ်။ ပြည်တွင်းမှာတော့ ခြောက်လအထိ တာရှည်ခံနိုင်လို့ အဆင်ပြေပေမယ့် ပြည်ပအထိ တင်ပို့ရောင်းချရာမှာ ဒီထက်မက ပိုမိုကြာရှည်ခံဖို့ လိုအပ်လာပါတယ်။ ဒီထက်မကလည်း အရည်အသွေး ပိုမိုကောင်းမွန်အောင် နည်းပညာတွေ လိုအပ်လာပါတယ်။ ဒါကြောင့်မို့ စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်တဲ့ သီးနှံတာရှည်ခံနည်းပညာလွှဲပြောင်းပေးအပ်ခြင်းသင်တန်းကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၇ ရက်ကနေ ၂၉ ရက်အထိ တက်ရောက်ခဲ့ပြီး အဆင့်မြင့်နည်းပညာတွေနဲ့ ဆက်လက်ဖော်ထုတ်ရောင်းချသွားမှာ ဖြစ်ပါတယ်။

**မေး ။ ။** အစ်မအနေနဲ့ ရှားစောင်းလက်ပပ်သုံးစွဲနေတဲ့ ပရိသတ်တွေရော၊ မသုံးစွဲရသေးတဲ့ အမျိုးသမီးတွေကိုပါ ဖြည့်စွက်ပြောကြားလိုတာလေးရှိရင် စကားလက်ဆောင်လေး ပြောပေးပါဦး။

**ဖြေ ။ ။** သဘာဝအတိုင်း ချက်လုပ်ဖော်စပ်ထားတဲ့ ရှားစောင်းလက်ပပ်ချက်ဆေးဟာ အမျိုးသမီးတိုင်းအတွက် အားထားစရာ ဆေးကောင်းတစ်ခုဖြစ်တာမို့ ပုံမှန်ဝယ်ယူအားပေးကြပါဦးလို့ ပြောချင်ပါတယ်။ လက်ကားမှာယူချင်တဲ့သူတွေကိုလည်း အဆင်ပြေအောင် ဆောင်ရွက်ပေးနေပါတယ်။ အမျိုးသမီးများအတွက်သာ မကပါဘူး။ အမျိုးသားများလည်း သုံးဆောင်နိုင်ပါတယ်။ ရှားစောင်းလက်ပပ်ကုန်ကြမ်းကနေပြီး ချက်ဆေးအပြင် သဘာဝအူလမ်းရှင်းယိုကိုလည်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သတင်းပါးချင်ပါတယ်။ ။




အကြမ်းဖက်သောင်းကျန်းသူများက ကော့ကရိတ်မြို့သို့ ဝင်ရောက်တိုက်ခိုက်ခဲ့သည့် အခြေအနေပြမြေပုံ။




တပ်မတော်စစ်ကြောင်းများက ကော့ကရိတ်မြို့ဝန်းကျင်ရှိ အကြမ်းဖက်သောင်းကျန်းသူများအား ပြန်လည်တိုက်ခိုက်ချေမှုန်းခဲ့သည့် အခြေအနေပြမြေပုံ။

◆*ကျော်ဖုံးမှ*

အကြမ်းဖက်သောင်းကျန်းသူများသည် အင်အားများ ထပ်မံဖြည့်တင်းကာ ကော့ကရိတ်မြို့ မြောက်ခြမ်းအား ဆက်လက်တိုက်ခိုက်ခြင်း၊ ကော့ကရိတ်မြို့ အရှေ့ဘက်ရှိ ပတ်ဝန်းကျင်ကျေးရွာများမှတစ်ဆင့် မြို့အား အဝေးမှ လက်နက်ကြီးများဖြင့် နှောင့်ယှက် တိုက်ခိုက်ခြင်းနှင့် မြို့စွန်ရှိ ရပ်ကွက်များအတွင်းသို့ စိမ့်ဝင်၍ ဒေသခံပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်စီးခြင်း၊ ပစ္စည်းများအား လုယက်ယူဆောင်ခြင်းစသည့် အကြမ်းဖက်အဖျက်အမှောင့် လုပ်ရပ်များ လုပ်ဆောင်ခဲ့သည်။

ထို့ကြောင့် တပ်မတော်မှ အင်အားထပ်မံဖြည့်တင်းကာ မေ ၁၉ ရက်မှစ၍ ကော့ကရိတ်မြို့ဝန်းကျင်ရှိ အကြမ်းဖက်သောင်းကျန်းသူများအား အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး(Counter – Terrorism Operation) ကို လက်နက်ကြီးပစ်ကူများရယူပြီး စနစ်တကျ အဆင့်ဆင့်ခြေကုပ်ယူ၍ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် စုစုပေါင်းထိတွေ့တိုက်ပွဲ ကိုးကြိမ် ဖြစ်ပွားခဲ့၍ မေ ၂၂ ရက်တွင် တပ်မတော်မှ အဆိုပါဒေသအား ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများသည် ကော့ကရိတ်မြို့၏ မြောက်ဘက်ရှိ ကောင်းမှုကျေးရွာဘက်သို့ လာရာလမ်းကြောင်းအတိုင်း ဖရိုဖရဲပြန်လည်ဆုတ်ခွာ ထွက်ပြေးသွားခဲ့သည်။

အဆိုပါ တိုက်ပွဲများတွင် အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်းအချို့၊ လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့ပြီး မိမိဘက်မှ အရာရှိ၊ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများအား ထက်ကြပ်လိုက်လံချေမှုန်း တိုက်ခိုက်လျက်ရှိပြီး ကော့ကရိတ်မြို့အတွင်း ပျက်စီးခဲ့သည့် အပျက်အစီးများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဒေသခံပြည်သူများ အန္တရာယ်ကင်းရှင်းစေရန်အတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင်

*စာမျက်နှာ ၂၁ သို့*



ကျုံဒိုး – ကော့ကရိတ်ဒေသ တိုက်ပွဲဖြစ်စဉ်များတွင် သိမ်းဆည်းရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်း။



အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ကော့ကရိတ်မြို့ အမှတ်(၅)ရပ်ကွက် မီးလောင်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ကော့ကရိတ်မြို့ အမှတ်(၅)ရပ်ကွက် မီးလောင်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စွမ်းရည်ပြိုင်ပွဲကျင်းပ

**မန္တလေး မေ ၂၈**

၂၀၂၄ ခုနှစ် မေ ၅ ရက်တွင် ကျရောက်မည့် (၇၈) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယမန်နေ့နံနက်က မန္တလေးမြို့ ၄၅ လမ်း ၁၁၆ လမ်းနှင့် ၁၁၇လမ်း ကြားရှိ တိုင်းဒေသကြီး မီးသတ် ဦးစီးမှူးရုံး၌ လက်နက်မဲ့စစ်ရေး ပြနှင့် မီးသတ်စက်ကလေး စွမ်းရည်ပြိုင်ပွဲ ကျင်းပသည်။



ရှေးဦးစွာ မန္တလေးတိုင်း ဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း တက်ရောက်၍ အမှာစကား ပြောကြားပြီး**(အပေါ်ယာပုံ)**အခမ်း အနား ဒုတိယပိုင်းတွင် မန္တလေး ခုနစ် မြို့နယ်မှ ပြိုင်ပွဲဝင် အရန် မီးသတ်တပ်ဖွဲ့ဝင်များ အသင်း ၁၄သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြ သည်။

အခမ်းအနားသို့ ဒုတိယ ညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မိုးသူဇာ၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးထက်အောင်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော် ကိုကို၊ မြို့နယ်မီးသတ်ဦးစီးမှူး များနှင့် ပြိုင်ပွဲဝင်အသင်းသား များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## MNL Cup ပြိုင်ပွဲ အား/ကာသိပ္ပံအသင်း နိုင်ပွဲဆက်ပြီး သစ္စာအားမာန် နိုင်ပွဲပြန်ရ

**ရန်ကုန် မေ ၂၈**

၂၀၂၄ MNL Cup ပြိုင်ပွဲ အုပ်စု (ဃ) ပွဲစဉ်များကို မေ ၂၈ ရက်က ဆက်လက်ကျင်းပရာ အား/ကာ သိပ္ပံအသင်းနှင့် သစ္စာအားမာန် အသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

တက္ကသိုလ်ကွင်း၌ ကျင်းပ သည့်ပွဲတွင် အား/ကာ သိပ္ပံ အသင်းက ရက္ခပူရယူနိုက်တက် အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အား/ကာ သိပ္ပံ အသင်းသည် အုပ်စုပထမဆုံးပွဲ တွင် သရေပွဲကြုံတွေ့ပြီးနောက် လေးပွဲဆက်တိုက် အနိုင်ရခဲ့ခြင်း ဖြစ်ပြီး အုပ်စုကို ဦးဆောင်လျက်ရှိ သည်။ ရက္ခပူရယူနိုက်တက် အသင်းသည် ပထမအကျော့တွင် အား/ကာသိပ္ပံကို သရေကစားနိုင် သော်လည်း ဒုတိယအကျော့ တွေ့ဆုံရာတွင် ဂိုးပြတ်အရေးနိမ့် ခဲ့သည်။

နှစ်သင်းစလုံး အမာခံကစား သမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး အား/ကာသိပ္ပံအသင်းသည် ပွဲအစ ၁၆ မိနစ်အတွင်း နှစ်ဂိုးသွင်းယူနိုင် သလို ပထမပိုင်း အပြီးမှာပင် လေးဂိုးသွင်းယူနိုင်ခဲ့သဖြင့် ပွဲကို ထိန်းချုပ်နိုင်ခဲ့ခြင်း ဖြစ်သည်။ ပွဲအစ တစ်မိနစ်မှာပင် ဝင်းပြည့် မောင်က အဖွင့်ဂိုးသွင်းယူပြီး ၁၆ မိနစ်တွင် သန်းတိုးအောင်က အား/ကာ သိပ္ပံအသင်းအတွက် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီး နာကျင်အချိန်ပို တွင် အား/ကာသိပ္ပံအသင်း နှစ်ဂိုး ဆက်ရခဲ့ပြီး ၄၅+၁ မိနစ်တွင် နိုင်နိုင်ကျော်၊ ၄၅+၃ မိနစ်တွင် ဝင်းပြည့်မောင်တို့က ထပ်မံသွင်း ယူခဲ့ခြင်းဖြစ်သည်။

ပထမပိုင်းတွင် လေးဂိုးပြတ် အနိုင်ရနေသည့် အား/ကာ သိပ္ပံ အသင်းသည်ဒုတိယပိုင်းတွင် ပွဲကို ထိန်းကစားခဲ့ပြီး ၇၆ မိနစ် တွင် ဗညားသိန်း၊ ၈၉ မိနစ်တွင် ပယ်နယ်တီမှတ်စ်ဆင့် သိန်းဇော် သီဟတို့က ဂိုးများ ထပ်မံသွင်းယူ ခဲ့သည်။ ရက္ခပူရယူနိုက်တက် အသင်းအတွက် ချေပဂိုး တစ်ဂိုး ကို ၉၀+၄ မိနစ်တွင် ကာမာရာက သွင်းယူခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲ တွင် သစ္စာအားမာန်အသင်းက မြဝတီအသင်းကို လေးဂိုး-နှစ်ဂိုး ဖြင့် အနိုင်ရခဲ့သည်။

အုပ်စု (ဃ) တွင် အား/ကာ သိပ္ပံအသင်းက ငါးပွဲကစား ၁၃ မှတ်၊ ရတနာပုံအသင်းက လေးပွဲ ကစား ကိုးမှတ်၊ သစ္စာအားမာန် အသင်းက ငါးပွဲကစား ခုနစ်မှတ်၊ မြဝတီအသင်းက ငါးပွဲကစား လေးမှတ်၊ ရက္ခပူရယူနိုက်တက် အသင်းက ငါးပွဲကစား တစ်မှတ်ရ ထားသည်။

**ရဲရင့်လွင်**

## အာဆင်နယ်တို့ စပါးကို အနိုင်ယူပြီး မန်စီးတီးကလည်း ဖောရက်စ်ကို အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ် (၃၅) အဖြစ် မေ ၂၈ ရက်က ယှဉ်ပြိုင်သည့် စပါးနှင့် အာဆင်နယ်ပွဲတွင် အာဆင်နယ်က သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရပြီး မန်စီးတီး ကလည်း နော်တင်ဟမ်ဖောရက်စ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

ပရီမီယာလိဂ်ပြိုင်ပွဲ ပြီးဆုံးရန် နီးကပ်လာသည်နှင့်အမျှ ချန်ပီယံ ဖြစ်ရေး ဇယားထိပ်ပိုင်းမှ အာဆင်နယ်နှင့် မန်စီးတီးတို့၏ ပြိုင်ဆိုင်မှုမှာ လည်း ပြင်းထန်လာရာ ပွဲတိုင်းကိုအနိုင်ရရှိရေး အကြိတ်အနယ် ယှဉ်ပြိုင် ကစားခဲ့ကြသည်။ အာဆင်နယ်က စပါး၏တုံ့ပြန်ကစားမှု ကောင်းမွန်မှု ကြောင့် ခက်ခက်ခဲခဲအနိုင်ယူခဲ့ရသည်။

**ပထမပိုင်းဦးဆောင်**

စပါးမှ ဟော့ဂျက်က ၁၅ မိနစ် တွင် ကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့် အာဆင်နယ်တို့ ဦးဆောင်ဂိုးရပြီး ပွဲချိန် ၂၇ မိနစ်တွင် ဆာကာနှင့် ပွဲချိန် ၃၇ မိနစ်တို့တွင် ဟာဗက်ဇ်တို့က ဒုတိယဂိုးနှင့် တတိယဂိုး သွင်းယူပေးကာ ပထမပိုင်းအပြီး သုံးဂိုး-ဂိုးမရှိဖြင့် အာဆင်နယ်တို့ ပွဲကို ဦးဆောင်ထားသည်။ စပါးအတွက် ချေပဂိုးကို ၆၄ မိနစ်တွင် ရိုမီယိုနှင့် ပွဲချိန် ၈၇ မိနစ်တွင် ဆွန်ဟောင်မင်ကပယ်နယ်တီသွင်းဂိုး ဖြင့် သွင်းယူပေးသည်။ အာဆင်နယ်တို့က ယခုပွဲအပြီး ၃၅ ပွဲကစား အမှတ် ၈၀ ရရှိထားသည်။

**မန်စီးတီးအနိုင်ရ**

နော်တင်ဟမ်ဖောရက်စ်နှင့် မန်စီးတီးတို့ပွဲတွင် မန်စီးတီးက နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရသည်။ မန်စီးတီးတို့ ၃၄ ပွဲကစား ၇၉ မှတ် ရရှိထားသည်။

မေ ၂၈ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်သည့် ဗီလာနှင့်ချယ်ဆီးတို့ ပွဲမှာ နှစ်ဂိုးစီသရေကျခဲ့သည်။

**အောင်ဇော်**

## တာချီလိတ်မြို့၌ ခရီးသွားမည့်ပြည်သူများအား Smart Card များ ဆောင်ရွက်ပေးလျက်ရှိ


**တာချီလိတ် မေ ၂၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ ခရီးသွားမည့်ပြည်သူများအား Smart Card (Biometric Card) များကို Enrollment device စက် ရှစ်လုံးဖြင့် နေရာခွဲ၍ ဆောင်ရွက်ပေးလျက်ရှိရာ ဧပြီလနောက်ဆုံး အပတ်မှ စတင်ကာ အဆိုပါ လက်မှတ်များ လာရောက်ထုတ်ယူသူ များပြားလျက်ရှိကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီး ဌာနမှ သိရသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အီလက် ထရောနစ်မှတ်ပုံတင်စနစ် ဦးစီးဌာနမှ နိုင်ငံအတွင်းနေထိုင်သူ အသက် (၁၀)နှစ်အထက်ရှိသူများကို electronic စနစ်ဖြင့် ကိုယ်ရေးအချက် အလက်များ (Biographic Data)နှင့် ဇီဝအချက်အလက်များ (Biometric Data) များကို ကောက်ယူမှတ်ပုံတင်၍ ဂဏန်း ၁၀ လုံးပါရှိ သည့် UID (Unique Identity Number) သတ်မှတ်ထုတ်ပေးလျက်ရှိရာ Biographic/ Biometric အချက်အလက်များ မှတ်ပုံတင်ရာတွင် နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) နိုင်ငံတော်အစိုးရမှ တရားဝင် ထုတ်ပေးထားသော အထောက်အထားလက်မှတ်တစ်ခုခုကို တစ်ပါ တည်းယူဆောင်လာရန် လိုအပ်ကြောင်း၊ တာချီလိတ်မြို့ရှိ ခရီးသွား ပြည်သူများအနေဖြင့် Smart Card (Biometric Card) များကို အမှတ် (၁) ချစ်ကြည်ရေးတံတားအောက်ရှိ ခရိုင်လဝကရုံးတွင် စက်နှစ်လုံး၊ မြို့နယ်လဝကရုံးတွင် စက် နှစ်လုံး၊ ဝမ်ကောင်းရပ်ကွက်ရုံးတွင် စက် နှစ်လုံး၊ တာချီလိတ်လေဆိပ်တွင် စက် နှစ်လုံး စုစုပေါင်း Enrollment device စက် ရှစ်လုံးဖြင့် နေရာခွဲဝေ၍ ဆောင်ရွက်ပေးလျက်ရှိပြီး တာချီလိတ်ခရိုင်အတွင်း လူဦးရေ စုစုပေါင်း ၃၇၇၈၄ ဦး ပြုလုပ် ဆောင်ရွက်ပေးခဲ့ပြီဖြစ်ကြောင်း သိရသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက မြန်မာနိုင်ငံ သားများအနေဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံသို့ နယ်စပ်ဖြတ်ကျော် ဝင်/ ထွက်သွားလာရာတွင် သတ်မှတ်ထားသည့် နယ်စပ်ဝင်/ထွက်ဂိတ်များမှ TBP, BP လက်မှတ်များဖြင့် တရားဝင် ဝင်/ထွက်သွားလာခွင့်ပြုပေး လျက်ရှိရာမှ မေ ၁ ရက်မှစတင်ကာ UID စာရွက်ပါမှသာ TBP, BP လက်မှတ်များထုတ်ပေး၍ နယ်စပ်ဖြတ်သန်းသွားလာခွင့်ပြုမည်ဖြစ် ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**




*စာမျက်နှာ ၂၀ မှ*

အကြမ်းဖက် သောင်းကျန်းသူများ၏ နှောင့်ယှက်တိုက်ခိုက်မှုများကြောင့် စိုးရိမ်ထိတ်လန့်ပြီး ယာယီ နေရပ်စွန့်ခွာခဲ့ကြသည့် ဒေသခံ ပြည်သူများ ပြန်လည်ဝင်ရောက် နေထိုင်ရေး စည်းရုံးဆောင်ရွက်ခဲ့ ရာ မေ ၂၇ ရက်အထိ ကော့ကရိတ် မြို့တွင်းသို့ အိမ်ထောင်စု ၂၈၈ စု၊ အမျိုးသား ၃၆၂ ဦး၊ အမျိုးသမီး ၂၃၅ ဦး စုစုပေါင်း ၅၉၇ ဦး ပြန်လည်ဝင်ရောက် နေထိုင်လာ ကြကြောင်း သိရှိရပြီး ဆက်လက် ၍လည်း ၎င်းတို့၏နေရပ်အသီးသီး သို့ ပြန်လည်ဝင်ရောက်နေထိုင် လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ကော့ကရိတ်မြို့ အမှတ်(၅)ရပ်ကွက် မီးလောင်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



ကော့ကရိတ်မြို့သို့ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်လျက်ရှိသည့် မှတ်တမ်းဓာတ်ပုံ။

# အလုပ်သမားနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်းပုံ-လှိုင်ဝါး-လက္ခဏာလမ်း ကတ္တရာလမ်းသစ်ဖွင့်

ဘားအံ ဧပြီ ၂၈

၂၀၂၄ ခုနှစ် မေလ ၁ ရက်နေ့တွင် ကျရောက်မည့် အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့နယ်၏ အဓိကကျေးရွာချင်းဆက်လမ်းများဖြစ်သော မဲဘောင်-နောင်ပလိန်လမ်း၊ ရေကျော်-လှိုင်းပုံ - လှာကမြင်လမ်းနှင့် ကော့ကသောင် - လက္ခဏာလမ်းတို့ကို ကွန်ရက်သဖွယ် ချိတ်ဆက်ပေးထားသည့် လှိုင်းပုံ - လှိုင်ဝါး - လက္ခဏာလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဧပြီ ၂၆ ရက် နံနက်က လှာကဒေါင်ကျေးရွာအုပ်စု လှိုင်းပုံကျေးရွာရှိ အဆိုပါလမ်းသစ်မုခ်ဦးတည်နေရာ၌ ကျင်းပသည်။



လမ်းသစ်ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့ဖွင့်လှစ်သည့်လမ်းကို အသုံးပြု၍ ခရီးစဉ်ဒေသများဖြစ်သော ဣစ္ဆာသယဂူ၊ ကော့ကသောင်ဂူနှင့် ဗုဒ္ဓဂါယာသို့ ဒေသခံပြည်သူများ၊ ရပ်နီး/ရပ်ဝေးမှ ဘုရားဖူးခရီးသွားဧည့်သည်များ အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့စေကာ ကရင်ပြည်နယ်၏ ခရီးသွားလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အဦများဖြစ်သော လမ်း၊တံတားများ တည်ဆောက်ရာတွင် အတူတကွ ပူးပေါင်းပါဝင်ကူညီပေးကြရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက လှိုင်းပုံ - လှိုင်ဝါး-လက္ခဏာလမ်း ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ဓါတ်ပုံ)

လှိုင်းပုံ - လှိုင်ဝါး - လက္ခဏာလမ်းသည် စုစုပေါင်း လမ်းမိုင်အရှည် နှစ်မိုင် ငါးဖာလုံရှိပြီး ယခုနှစ် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် လမ်းအရှည်တစ်မိုင်အား ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၃၀၁ ဒသမ ၂၆၈ သန်းဖြင့် ၁၄ ပေအကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ကျန်ရှိသည့် လမ်းအရှည်တစ်မိုင် ငါးဖာလုံအနက် ကတ္တရာလမ်းတစ်မိုင်နှင့် ကွန်ကရစ်လမ်းနှစ်ဖာလုံတို့ကို လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရန်ကုန် ကျောင်းအသုံးအဆောင်ပစ္စည်းဈေးကွက်ရောင်းအားတက်လာ

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်ဈေးကွက်အတွင်း ကျောင်းအသုံးအဆောင်ပစ္စည်းများ ယခုလပိုင်းအတွင်း တိုးမြှင့်ရောင်းချနေရသည့်အပြင် နယ်အမှာများရရှိမှု များပြားနေကြောင်း ကျောင်းအသုံးအဆောင် ပစ္စည်းများ ရောင်းချနေသူများထံမှ သိရသည်။



ကျောင်းဝတ်စုံ အရောင်းဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

မကြာမီကာလအတွင်း စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည့်ကာလ ရောက်ရှိလာတော့မည်ဖြစ်ရာ ဧပြီလပိုင်းမှစ၍ ကျောင်းအသုံးအဆောင် ပစ္စည်းများဖြစ်သည့် ကျောပိုးအိတ်၊ လွယ်အိတ်၊ ကျောင်းဝတ်စုံအင်္ကျီ၊ ဘောင်းဘီ၊ ဂါဝန်၊ ထဘီနှင့်အင်္ကျီစများကို ဧပြီလအစပိုင်းမှစ၍ ခပ်စိပ်စိပ် ပြန်လည်ရောင်းချလာကြပြီး ယခုလက်ရှိတွင် နယ်မှ ပြန်လည်ရောင်းချမည့်သူများ အမှာရှိနေကြောင်း ကျောင်းအသုံးအဆောင်ပစ္စည်းများ ရောင်းချနေသူ မယဉ်နန်းထံမှ သိရသည်။

"ကျောင်းစိမ်း တွေကတော့ ဧပြီလစပိုင်းလောက် ပြန်ရောင်းတာပေါ့။ လတ်တလောကာလမှာတော့ ရန်ကုန်ဘက်တွေထက် နယ်ဘက်တွေက ပြန်ရောင်းမယ့်သူတွေ အမှာရှိနေတယ်။ နယ်ဘက်တွေကျတော့ ရန်ကုန်ကနေမှာတယ်။ ဆိုင်မှာ ပြန်ရောင်းတာတွေရှိသလို သူတို့ကနေ တစ်ဆင့် နယ်မှာပြန်ရောင်းချင်သူတွေကို တစ်ဆင့်ပြန်ဖြန့်တာတွေလည်းရှိတယ်။ ပြီးတော့ ပြန်ရောင်းတဲ့ သူတွေအတွက် ကျောင်းဖွင့်ရာသီ မရောက်ခင် ဈေးမတက်သေးခင် ဝယ်ထားပြီး ပြန်ရောင်းတဲ့သဘောပါ" ဟု ၎င်းကဆိုသည်။

ဈေးနှုန်းအနေဖြင့် လက်ရှိတွင် တက်ထရွန် Arrow အဖြူလက်တိုမှာ size အလိုက် ငွေကျပ် ၄၀၀၀ ကျော်မှ ငွေကျပ် ၅၀၀၀ အထိနှင့် တက်ထရွန်ဘောင်းဘီတို/ရှည်မှာ ငွေကျပ် ၄၀၀၀ ဝန်းကျင်မှ ငွေကျပ် ၅၀၀၀ အထိလည်းကောင်း၊ ဂါဝန်များမှာလည်း size အလိုက် ဈေးနှုန်းအမျိုးမျိုးနှင့် ရှမ်းခံ A . great တစ်ကိုက်လျှင် ငွေကျပ် ၅၀၀၀၊ ရေခဲပိုးတစ်ကိုက်လျှင် ငွေကျပ် ၆၅၀၀ အစရှိသဖြင့် ဈေးနှုန်းအမျိုးမျိုးရှိကြောင်း သိရသည်။

**MT**

# မြန်မာနိုင်ငံတွင် သစ်ပင်များ ပိုမိုစိုက်ပျိုးပါက ကမ္ဘာကြီး ပူနွေးမှုနှင့်ရာသီဥတုပြောင်းလဲခြင်းဒဏ်ကို လျှော့ချနိုင်မည်

ရန်ကုန် ဧပြီ ၂၈

မြန်မာနိုင်ငံတွင် သစ်ပင်များကို ပိုမိုစိုက်ပျိုးမည်ဆိုပါက ကမ္ဘာကြီးပူနွေးမှုနှင့် ရာသီဥတုပြောင်းလဲခြင်းဒဏ်ကို လျှော့ချနိုင်မည်ဖြစ်ကြောင်း မိုးလေဝသပညာရှင်တစ်ဦးဖြစ်သူ ဦးဝင်းနိုင်က အကြံပြုတိုက်တွန်းပြောဆိုလိုက်သည်။

ဦးဝင်းနိုင်သည် ရာသီဥတုပြောင်းလဲသည့် အခြေအနေနှင့်ပတ်သက်၍ အွန်လိုင်းထက်တွင် မိုးလေဝသအခြေအနေများကို ခန့်မှန်းပြောကြားပေးနေသည့် ပညာရှင်တစ်ဦးဖြစ်ပြီး သစ်ပင်စိုက်ရန်အတွက် အချက်အလက်၊ အကိုးအကားများကို ဖော်ပြကာ လှုံ့ဆော်တိုက်တွန်းပေးနေသူတစ်ဦးလည်းဖြစ်သည်။

"ကျွန်တော်တို့က ဒီဟာကို ဖြေပျောက်နိုင်ဖို့ သစ်ပင်စိုက်ဖို့ တောက်လျှောက် သတိပေးပါတယ်။ ပညာပေးတာလည်း ပါတယ်။ အဲဒါတွေလုပ်မှပဲ နောက်လာမယ့် နှစ်တွေက ဒါတွေက လျော့သွားမှာ။ မဟုတ်လို့ရှိရင် မလွယ်ဘူး" ဟု ဦးဝင်းနိုင်က ရှင်းပြသည်။

တောင်ယာစိုက်ယာစိုက်ခင်း သို့မဟုတ် ဟင်းသီးဟင်းရွက် အပင်များပင်ဖြစ်စေ အဆိုပါအပင်များက အောက်ဆီဂျင်ထုတ်ပြီး ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူကာ မြန်မာနိုင်ငံတွင် အပင်များကြောင့် ကာဗွန်ဒိုင်အောက်ဆိုက် စုပ်ယူမှုနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုမှာ ပမာဏမကွာသည်ကိုလည်း တွေ့ရကြောင်း ၎င်းက ဆိုသည်။

"တတ်နိုင်သလောက် ဝိုင်းပြီးတော့ သစ်ပင်စိုက်လိုက်ရင်တော့ ရာသီဥတုပြောင်းလဲခြင်းဒဏ်၊ ကမ္ဘာကြီး ပူနွေးမှုဒဏ်ကို လာမယ့် နှစ်နှစ်၊ သုံးနှစ်အတွင်းမှာ လျော့ချနိုင်တဲ့ အနေအထားဖြစ်မယ်။ ဒီနှစ်ဆို တအားသိသာတယ်။ တော်တော်ဆိုးဆိုးရွားရွားပူတာ။ လူတွေ သေဆုံးတာလည်း ပိုများလာပါတယ်" ဟု ဦးဝင်းနိုင်က ရှင်းပြသည်။

**Htet Oo Maung**



Maximum Temperature Last 24h
04/27/2024 at 07:00 UTC

| No. | Location | Station ID | Amount |
|---|---|---|---|
| 1 | Joba (Oman) | 41287 | 48.5°C |
| 2 | Chauk (Myanmar) | 48052 | 47.1°C |
| 3 | Tillabery (Niger) | 61036 | 45.5°C |
| 4 | Goure (Niger) | 61045 | 45°C |
| 5 | N'Guigmi (Niger) | 61049 | 45°C |
| 6 | Maine-Soroa (Niger) | 61096 | 44.9°C |
| 7 | Ndjamena (Chad) | 64700 | 44.7°C |
| 8 | Nyaung-U (Myanmar) | 48048 | 44.7°C |
| 9 | Angul (India) | 42969 | 44.6°C |
| 10 | Matam (Senegal) | 61630 | 44.6°C |
| 11 | Nandyal (India) | 43212 | 44.6°C |
| 12 | Aswan (Egypt) | 62414 | 44.5°C |
| 13 | Niamey-Aero (Niger) | 61052 | 44.4°C |
| 14 | Linguere (Senegal) | 61627 | 44.3°C |
| 15 | Diffa (Niger) | 61085 | 44.2°C |

ဧပြီ ၂၇ ရက်က ကမ္ဘာ့အပူဆုံး ၁၅ မြို့စာရင်းတွင် မြန်မာနိုင်ငံမြို့နှစ်မြို့အား ပြထားပုံ။ (PHOTO : Win Naing FB Page)

# ရာသီဥတုအပူချိန် မြင့်တက်လာသည့်အတွက် Taxi ယာဉ်မောင်းများ ဝင်ငွေကျဆင်းမှုရှိနေ

ရန်ကုန် ဧပြီ ၂၈

ရာသီဥတုအပူချိန် မြင့်တက်လာသည့်အတွက် နေ့ခင်းပိုင်း အပြင်ထွက်သူ နည်းလာသောကြောင့် Taxi ယာဉ်မောင်းများ ဝင်ငွေကျဆင်းမှုရှိနေကြောင်း တက္ကစီယာဉ်မောင်းများထံမှ သိရသည်။



ရန်ကုန်မြို့တွင်းလမ်းမများပေါ်၌ ပြေးဆွဲနေသော တက္ကစီအချို့။

အပူချိန် မြင့်လာသောကြောင့် မလိုအပ်ဘဲ အပြင်ထွက်ခြင်းကို ရှောင်လာကြသည့်အတွက် ယခင်ကဲ့သို့မဟုတ်ဘဲ နေ့ခင်းပိုင်းတွင် ခရီးသည်ရရှိမှု နည်းပါးနေခြင်းဖြစ်ကြောင်း သိရသည်။

"နေ့လယ်ပိုင်းတွေက အရမ်းပူတော့ အရေးမကြီးရင် အပြင်သိပ်မထွက်ကြတော့ဘူး။ ပြီးတော့ ထွက်တဲ့သူတွေဆိုရင်လည်း Taxi စီးရင်တောင်မှ Aircon ပါတဲ့ ကားမျိုးပဲစီးချင်ကြတယ်။ YBS မြို့ပတ်ကားတွေမှာဆိုရင် Aircon ရှိတော့ မြို့ပတ်ကားတွေ စီးကြတယ်။ နေ့လယ်ပိုင်းတွေ အပြင်ထွက်သူလည်း နည်းတယ်။ Taxi လည်း သိပ်မဆွဲရပါဘူး။ မနက်ပိုင်းနဲ့ ညနေပိုင်းလောက်ပဲ ဆွဲရတယ်။ Taxi စီးနေကျ ဖောက်သည်တွေ မနက်ပိုင်း၊ ညနေပိုင်း လိုက်ပို့ပေးရတာလောက်ပဲရှိနေတယ်" ဟု သာကေတမြို့နယ်မှ တက္ကစီယာဉ်မောင်းတစ်ဦးက ဆိုသည်။

အချို့ရက်ပိုင်းများတွင် Taxi စီးသူနည်းပါး၍ ငွေကျပ် သောင်းဂဏန်းဝန်းကျင်သာ ဝင်ငွေရရှိသဖြင့် ဆီဖိုးပြန်လည်တွက်ချက်ပြီးပါက တွက်ခြေမကိုက်သည့် ရက်ပင်ရှိကြောင်း ၎င်းက ပြောကြားသည်။

"ပြီးခဲ့သည့် နှစ်ရက်ကဆိုရင် တစ်ရက်လုံးဆွဲတာ ငွေကျပ် ၁၅၀၀၀၊ ၂၀၀၀၀ လောက်ပဲရတယ်။ နေ့လယ်ပိုင်းတွေမှာ သိပ်မဆွဲရဘူး။ ဆီဖိုးနဲ့ သိပ်မကျန်ဘူး" ဟု အခြားတက္ကစီယာဉ်မောင်းတစ်ဦးက ဆိုသည်။

နေ့အပူချိန် မြင့်တက်မှုများကြောင့် ယာဉ်မောင်းများအနေဖြင့် ကျန်းမာရေးအတွက် ဂရုစိုက်ပြီး သတိထား မောင်းနေရသကဲ့သို့ ကားအင်ဂျင်အပူလွန်ကဲပြီး ကားမီးလောင်မှုအန္တရာယ်ကို လည်း သတိပြုနေရကြောင်း သိရသည်။

**MT**

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဧပြီ ၂၈

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အသင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၆၉(၁)၊ ဦးပိုင်အမှတ် (၄-က)/၅၃x၅၄ကြား၊ ၃၆X၃၇လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဒိုင်းမွန်းစတားကုမ္ပဏီနှင့် အဆင့်မြင့် ဒုံးပျံဂျုံ စက်ကိုယ်စား အစည်းအဝေးမှတ်တမ်းအရ ဒေါ်သီတာလှိုင် ၉/လဝန(နိုင်) ၁၁၇၈၅၆ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီ(၄)လမ်း၊ တိုက်အမှတ် (၄၉၀)၊ (၂)ခန်းတွဲ(၅)ထပ်တိုက်၏ ဒုတိယထပ်(၃-လွှာ/ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၁ ပေX ၅၄ပေ)ရှိတိုက်ခန်းနှင့် စွဲမြဲတပ်ဆင်ထားသော ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးရဲမြင့် ၁၁/စတန(နိုင်) ၀၁၅၄၃၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊၄လွှာ(ယာ)၊၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၇၉၅၆၈၃၃၇၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၉ဒီ/ဆံတော်အနောက်အကွက်၊ ဦးပိုင်အမှတ် ၂၈၉၊ ဧရိယာ(၀ဒသမ၀၄၉)ဧကရှိသော ဘိုးဘပိုင်ခြံမြေကွက်အား ဦးကျော်ဆန်းညွန့်နှင့် ဦးမိုးဆန်းညွန့်တို့မှအမွေဆက်ခံပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာစာချုပ်ချုပ်ဆိုပြီးနောက် ဦးအောင်ကျော်ဆင့်နှင့် ဒေါ်ချိုနွယ်ထွန်းတို့ထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချခြင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုပြီးဖြစ်သည့်အတွက် ဦးအောင်ကျော်ဆင့်နှင့် ဒေါ်ချိုနွယ်ထွန်းတို့မှ မိမိတို့အမည်ဖြင့် ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဘိုးဘပိုင်အမည်ပြောင်းအား ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်ဆင့်၊ ဒေါ်ချိုနွယ်ထွန်း**
**အနောက်စောင်းတန်းလမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့**




## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၅၄၃၊ ဦးပိုင်အမှတ် (၅၂)/၈၁x၈၂လမ်းကြား၊ ၃၅X၃၆လမ်းကြားရှိ ဦးရှမ်းအမည်ပေါက် ဘိုးဘမြေကွက်အား ဖခင်ဦးရှမ်း ၊ မိခင် ဒေါ်ခင်သန်း၊ သမီး ဒေါ်သီတာပြုံး(အပျိုဘဝ)တို့ ကွယ်လွန်၍ ကျန်ရစ်သူသားနှင့် ဦးရှမ်းထံမှ ကိတ္တိမမွေးစားစာချုပ်အမှတ် (၆၃/၂၀၀၂)ဖြင့်လက်ခံခဲ့သူ ဒေါ်အေးသန်း ၉/မရတ(နိုင်) ၀၄၄၄၄၆၊ ဦးမြင့်ဌေး ၁၂/ကတတ(နိုင်)၀၁၆၀၀၆တို့က ဘိုးဘစာအုပ်၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၁-၄-၂၀၂၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၃)ပါ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ) ရပ်ကွက်၊ အကွက်အမှတ် သ-၁၃၊ ကြော်ငြာစာ ကြော်ငြာတွင် ဂရန်မြေကွက်အမည်ပေါက်သူ ဦးဇော်လူအစား ဂရန်မြေကွက် အမည်ပေါက်သူ ဦးစက်လူဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

ပဲ ခူး တို င်း ဒေ သ ကြီး ၊ နတ်တလင်းမြို့နယ်၊ အလက မြေနုကျောင်း Grade-7 မှ မောင်ပိုင်သူဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်မိုး ၇/နတလ (နိုင်) ၁၈၂၂၆၀ ဖြစ်ပါကြောင်း။ **ဦးအောင်ဇော်မိုး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၅)၊ မြေကွက်အမှတ်(၈၉၇)၊ နတ်မောက်လမ်း၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ ဦးညိုဝင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် အနက်မှ (၂၀ပေ x ၆၀ပေ)ခြေရင်းခြမ်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူများဖြစ်ကြသော ဦးညိုဝင်း ၁၂/ရကန(နိုင်) ၀၅၅၁၉၀နှင့် ဒေါ်ရီမြင့် ၁၂/ရကန (နိုင်) ၀၅၅၄၄၇တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်တမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၇၉၅၆၈၃၃၇၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ် ၇၀၁၊ ဦးပိုင်အမှတ် (၁ ခဲစင်းတောင်ခြမ်း)/၇၂လမ်း၊ ၃၄x၃၅လမ်းကြားရှိ ဦးမင်းသိမ်းအမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၈၅၇/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဦးစောထွန်းအောင် ၉/ခအဇ(နိုင်) ၀၇၀၂၅၁၊ ဒေါ်ခင်စန်းဝင်း ၉/မရတ(နိုင်) ၀၆၉၉၃၅ တို့က ဘိုးဘစာအုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၉၀)၊ မြေကွက်အမှတ် (၃၈၆)၊ အောင်လံလမ်း၊ အကျယ်အဝန်း (၄၀ x ၆၀ ပေ)ရှိ ဦးရွှေမောင် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်းကမ်းလှမ်းလာသူ ဦးမောင်မောင်သန်း ၁၂/လမတ(ဧည့်) ၀၀၀၅၃၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူကဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊၄လွှာ(ယာ)၊ ၁၂၃လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၉၅၆၈၃၃၇၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၈)၊ ဦးပိုင်အမှတ်(၉၇)/၊ ၇၂x၇၃ကြား၊ ရတနာနှင့်မင်းကြီးရန်နောင် လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ် (၃၉၃၄/၁၉၉၂-၉၃)အရ ဦးသန်းကို AE-၁၃၄၇၆၁ အမည်ပေါက်သို့ မြေရာဇဝင်၁-က မှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန် ဦးလွင်မိုးကျော် ၁၃/သပန(နိုင်) ၁၆၃၉၂၂မှ မြို့ပြစီ မံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၅၄၄၊ ဦးပိုင်အမှတ် (၆၄-က+၆၅-က)/၈၃ x ၈၂လမ်းကြား၊ ၃၅ x ၃၆ လမ်းကြားရှိ ဦးရှမ်း အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင် ဦးရှမ်း၊ မိခင် ဒေါ်ခင်သန်း၊ သမီး ဒေါ်သီတာပြုံး(အပျိုဘဝ)တို့ ကွယ်လွန် ၍ ကျန်ရစ်သူသားနှင့် ဦးရှမ်း ထံမှ ကိတ္တိမမွေးစားစာချုပ်အမှတ် (၆၃/ ၂၀၀၂)ဖြင့် လက်ခံခဲ့သူ ဒေါ်အေးသန်း ၉/မရတ(နိုင်)၀၄၄၄၄၆၊ ဦးမြင့်ဌေး ၁၂/ကတတ(နိုင်)၀၁၆၀၀၆ တို့က ဘိုးဘစာအုပ်၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီ များဖြင့် ၁၄ ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ် ၇၄၇၊ ဦးပိုင်အမှတ် (၁.ဒ)/ ၃၀x၃၁ကြား၊ ၇၀X၇၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဆွေသဇင် ၁၂/လမန(နိုင်)၀၃၃၈၂၈ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
